ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်

လူအပေါင်းချစ်မြတ်နိုး

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်းပြည့်စုံ၊ တရားဥဒ္ဓတည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်းပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ဝိယဝဂ်(ဓမ္မပဒ -၂၁၇)

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၆ ရက်၊ တနလာ်ဒေ့။ Monday, 20 July 2026 ၁၂၄၅၅



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွမ်းသူပန်းခွေကိုချ၍ အလေးပြုစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၇၉) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ဂါရဝပြု

နေပြည်တော် ဇူလိုင် ၁၉

၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ဂါရဝပြုသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ★

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး (PSLF/TNLA) တို့ တွေ့ဆုံဆွေးနွေး

စာမျက်နှာ » ၁၃

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အား ရှေးမူမပျက် ပြန်လည်ပြုပြင်မွမ်းမံခဲ့



ပြန်လည်မွမ်းမံထားသည့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို တွေ့ရစဉ်။

ရန်ကုန် ဇူလိုင် ၁၉

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်အား ရှေးမူမပျက် မူလလက်ရာအတိုင်း ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း အမျိုးသားပြတိုက် (ရန်ကုန်)မှ သိရသည်။

"မနှစ်က အာဇာနည်နေ့ ကျင်းပခဲ့ရာမှာ နိုင်ငံတော်အကြီးအကဲက ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်ကို ပိုမိုခိုင်ခဲ့အောင် ပြုပြင်မွမ်းမံဖို့၊ ပြုပြင်တဲ့အခါမှာလည်း ရှေးမူမပျက် မူလလက်ရာအတိုင်း မွမ်းမံဖို့ လမ်းညွှန်မှာကြားခဲ့ပါတယ်။ စာမျက်နှာ ၆ ကော်လံ ၁ သို့

ဝါစိုက်ပျိုးထုတ်လုပ်မှုတွင် စက်ကိရိယာတွင်ကျယ်စွာ အသုံးပြုနိုင်ရေးနှင့် ဝါအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးမြင့်လာစေရေး ကြိုးပမ်းအကောင်အထည်ဖော်

နေပြည်တော် ဇူလိုင် ၁၉

ကျောပိုးဝါဆွတ်စက်ဖြင့် ဝါဆွတ်ခူးမှုသရုပ်ပြခြင်းကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ဝါသီးနှံမျိုးသန့်ခြံ(ချောင်းမကြီးခြံ) နှင့် ဝမ်းတွင်းမြို့နယ် ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (ရွှေတောင်ခြံ)တို့၌ ကျင်းပရာ စာမျက်နှာ ၆ ကော်လံ ၁ သို့



မြစ်ကြီးနားမြို့၌ နိုင်ငံတကာပညာရေး ဗိုရမ် - ၂၀၂၆ ကျင်းပမည်

မြစ်ကြီးနား ဇူလိုင် ၁၉

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြစ်ကြီးနားတက္ကသိုလ်၌ လာမည့် နိုဝင်ဘာလတွင် နိုင်ငံတကာပညာရေးဗိုရမ်-၂၀၂၆ ကျင်းပသွားမည် ဖြစ်ကြောင်း အဆိုပါတက္ကသိုလ်မှ သိရသည်။

အဆိုပါ ဗိုရမ်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့ နံနက် ၇ နာရီတွင် မြစ်ကြီးနားတက္ကသိုလ်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ စာမျက်နှာ ၆ ကော်လံ ၄ သို့

မိုးရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် ဇူလိုင် ၁၉

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ မိုး/၈လ

တိုင်းပြည်ဝင်ငွေတိုးတက်စေရေး ခရီးသွားလုပ်ငန်းမြှင့်တင်အားပေး

နိုင်ငံတစ်နိုင်ငံ၏ ဝင်ငွေတိုးတက်ရေးတွင် ခရီးသွားလုပ်ငန်းသည် အရေးပါသည့်ကဏ္ဍတစ်ခုဖြစ်သည်။ ကမ္ဘာလုည်းခရီးသွားလုပ်ငန်းမှ ဝင်ငွေအများဆုံးရရှိနေသည့် နိုင်ငံများက ဖော်ဆောင်နေသည်။ မြန်မာနိုင်ငံနှင့်ထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံ ငါးနိုင်ငံတွင် ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ခရီးသွားလုပ်ငန်းမှ ဝင်ငွေအများဆုံးရရှိနေသည့် နိုင်ငံများဖြစ်သည်။ ကမ္ဘာပေါ်ရှိနိုင်ငံများက ခရီးသွားလုပ်ငန်းကို မီးခိုးမထွက်သည့် စီးပွားရေးလုပ်ငန်းဟု တင်စားခေါ်ဆိုကြသည်။ ခရီးသွားလုပ်ငန်းကိုအကြောင်းပြု၍ ကဏ္ဍပေါင်းစုံမှ ဝင်ငွေများ အဆက်မပြတ်ရရှိပြီး နိုင်ငံ့စီးပွားရေး၊ လူမှုစီးပွားဘဝ အစဉ်ပြေချောမွေ့လျက်ရှိသည်။

မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ ဒေသတွင်း၌ အချက်အချာကျသည့် နေရာတွင်တည်ရှိပြီး ခရီးသွားလုပ်ငန်းအတွက် စိတ်ဝင်စားဖွယ်ကောင်းသည့် ထူးခြားသည့် ယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝအလှအပများ၊ သမိုင်းဝင်ရှေးဟောင်းယဉ်ကျေးမှုအဆောက်အအုံများ၊ ပင်လယ်ကမ်းခြေနှင့်ကမ်းရိုးတန်းဒေသများ၊ မတူကွဲပြားသည့် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ စသည့်ကမ္ဘာလှည့်ခရီးသွားများအား ဆွဲဆောင်နိုင်စေသည့် ခရီးသွားအရင်းအမြစ်များစွာ ပိုင်ဆိုင်ထားသည်။

ယခုအခါ ပြည်သူများ၏ဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ခဲ့သည့် ဒီမိုကရေစီအစိုးရတစ်ရပ်ပေါ်ထွန်းနေပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် ထိရောက်စွာ အကောင်အထည်ဖော်လျက်ရှိရာ အချို့ဒေသများမှလွဲ၍ ဒေသအများစု တည်ငြိမ်အေးချမ်းနေပြီဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၊ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသည့် အဖွဲ့အစည်းများနှင့်လုပ်ငန်းများက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖြစ်ထွန်းနေသည့် ခရီးသွားအရင်းအမြစ်များအပေါ်မူတည်၍ လက်တွေ့အကောင်အထည်ဖော်နိုင်မည့်အစီအစဉ်များ စတင်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့များသည် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နေသောကြောင့် ခရီးစဉ်ဒေသအလိုက် စီမံခန့်ခွဲရေးအဖွဲ့များ ခိုင်ခိုင်မာမာဖွဲ့စည်းဆောင်ရွက်ကြရန်နှင့် လိုအပ်သည့်ခရီးစဉ်ဒေသစီမံခန့်ခွဲရေးလုပ်ငန်းများကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း နိုင်ငံတော်က တိုက်တွန်းထားသည်။ ခရီးသွားလုပ်ငန်းတွင် အရေးပါသည့် လေကြောင်းသယ်ယူပို့ဆောင်ရေး လွယ်ကူချောမွေ့စေရန်အတွက် ခရီးစဉ်ဒေသအချို့ကို လေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းပြေးဆွဲပေးနိုင်ရေးနှင့် လေယာဉ်ကွင်းများအဆင့်မြှင့်တင်ရေးလုပ်ငန်းများကို အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မြန်မာနိုင်ငံသို့ ပြည်ပခရီးသွားများ လာရောက်လည်ပတ်ကြသည့် အခါတွင် လွယ်ကူချောမွေ့စေရေး ဖြေလျှော့ပေးနိုင်ရန်အတွက် ဗီဇာကိစ္စဖြေလျှော့ပေးရေး၊ လုံခြုံစိတ်ချစွာခရီးသွားလာရေး၊ အာမခံဝယ်ယူရေးနှင့် ငွေကြေးသုံးစွဲမှုလုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့ရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် ခရီးစဉ်ဒေသများအလိုက် ခရီးသွားထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ပြသနိုင်သည့်နေရာများ၊ ထင်ရှားသည့် ၁၂ လရာသီပွဲတော်များ၊ တိုင်းရင်းသားများ၏ နှစ်သစ်ကူးပွဲတော်များနှင့် ရိုးရာယဉ်ကျေးမှုဓလေ့ပွဲများ၊ ခရီးသွားများစိတ်ဝင်စားမှုရှိသည့် ခရီးစဉ်များကို စနစ်တကျဖော်ထုတ်သွားရန်လိုသည်။ ထို့ပြင် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဈေးကွက်မြှင့်တင်ရေး၊ ဝန်ဆောင်မှုအဆင့်အတန်း မြင့်မားတိုးတက်စေရေးတို့ကို သတ်မှတ်ဖော်ဆောင်သွားရန်လိုသည်။

ပုဂ္ဂလိကခရီးသွားလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံအား ဒေသတွင်းနိုင်ငံများနှင့်ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ခရီးစဉ်ဒေသများဖြစ်ပေါ်လာစေရေးအတွက် ထိရောက်သည့် ဈေးကွက်ရှာဖွေမြှင့်တင်ခြင်းကို စနစ်တကျ ဆောင်ရွက်သွားရန်လိုသည်။ နိုင်ငံတကာခရီးသွားများအကြား မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်ကို ပိုမိုသိရှိလာစေရေး ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်နေသည့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအစိုးရအဖွဲ့များနှင့် ခရီးသွားလုပ်ငန်းရှင်များအားလုံး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ မကြာမီကာလတွင် ပွင့်လင်းရာသီရောက်ရှိလာတော့မည်ဖြစ်၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအလိုက် ခရီးသွားအရင်းအမြစ်များကို ပိုင်းဝန်းဖြင့်တင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံ့ဝင်ငွေတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းသည် အရေးပါသည့်ကဏ္ဍတစ်ခုဖြစ်ရာ မြန်မာနိုင်ငံတွင် ပိုင်ဆိုင်ထားသည့် ခရီးသွားအရင်းအမြစ်များကို ထိရောက်စွာအသုံးချပြီး မီးခိုးမထွက်သည့် စီးပွားရေးလုပ်ငန်းဖြစ်သည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာရေးကို ပိုင်းဝန်ကြိုးပမ်းဆောင်ရွက်ကာ ကဏ္ဍပေါင်းစုံမှ ဝင်ငွေများအဆက်မပြတ်ရရှိပြီး နိုင်ငံ့စီးပွားရေးနှင့် လူမှုစီးပွားဘဝများအစဉ်ပြေချောမွေ့လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

ယာဉ်မောင်းလိုင်စင် ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းနှင့် “ခ”၊ “ဂ”၊ “ဃ”၊ “င” ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းအား Online စနစ်ဖြင့် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရှိ နေပြည်တော်ရုံး၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)နှင့် ခရိုင်ရုံး (ရန်ကုန် မြောက်ပိုင်း)၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) နှင့် ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)ရုံးများတွင် ယာဉ်မောင်းလိုင်စင်ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းနှင့် Online စနစ်ဖြင့် “ခ”၊ “ဂ”၊ “ဃ”၊ “င” ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းအား Online စနစ်ဖြင့် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၉၀ အတွင်း ကြိုတင်သက်တမ်းတိုးခြင်းအား ၁၇-၇-၂၀၂၆ ရက် (သောကြာနေ့)မှစတင်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို အွန်လိုင်းမှဝန်ဆောင်မှုရယူလိုသူများသည် မိမိတို့ Mobile Phone/Tablet အသုံးပြု၍ MM Driver License E-Payment Mobile Application အား Google Play Store မှတစ်ဆင့် download ရယူသုံးစွဲနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ အဆိုပါစနစ်နှင့်ပတ်သက်၍ အသုံးပြုရန် အသေးစိတ်အချက်အလက်များအား www.mot.gov.mm၊ www.rtad.gov.mm နှင့် www.myanmarrtad.comWebsite များတွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး မရှင်းလင်းသည်များရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

- ရုံးချုပ်(နေပြည်တော်) - ၀၆၇-၃၄၀၅၉၉၉
- နေပြည်တော်ရုံး - ၀၆၇-၄၅၁၁၀၀၆၂၊ ၀၆၇-၄၅၁၁၀၀၆၄
- တိုင်းဒေသကြီးရုံး(ရန်ကုန်) - ၀၉-၉၅၄၉၂၁၀၀၀
- တိုင်းဒေသကြီးရုံး(မန္တလေး) - ၀၉-၄၃၀၀၆၆၉၈၀

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ရေတာရှည်မြို့နယ်၌ အကြိုအခြေခံမီးသတ်သင်တန်းဖွင့်

ရေတာရှည် ဇူလိုင် ၁၉

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များအား အကြိုအခြေခံမီးသတ်ပညာသင်တန်း (၁/ ၂၀၂၆) ကို မြို့နယ်မီးသတ်စခန်းတွင် ဖွင့်လှစ်သည်။

ဦးစွာ တောင်ငူခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဦးစီးမှူး ဦးသက်ခိုင်က အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ တောင်ငူခရိုင် မီးသတ်ဦးစီးမှူး ဦးသက်ဝင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အရပ်မီးသတ်ခေါင်းဆောင်များနှင့် သင်တန်းသား ၁၃၇ ဦး စုစုပေါင်း ၁၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မော်လမြိုင်မြို့နယ်၌ ပြည်သူလူထုပူးပေါင်းပါဝင်သော သစ်ပင်စိုက်ပျိုးခြင်းနှင့် အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

မော်လမြိုင် ဇူလိုင် ၁၉

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ပြည်သူလူထုပူးပေါင်းပါဝင်သော သစ်ပင်စိုက်ပျိုးခြင်းနှင့် အသိပညာပေးဆွေးနွေးပွဲကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့်သစ်တောဦးစီးဌာနတို့ပူးပေါင်း၍ ယမန်နေ့က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ Community Centre ခန်းမတွင် ကျင်းပသည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သက်ယုဆွေက ဆွေးနွေးပွဲကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မော်လမြိုင် (တွဲဖက်) ချောင်းဆုံမြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးတင့်နိုင်ဇော်က သစ်တော သစ်ပင်များ၏ အရေးပါပုံ၊ မြန်မာနိုင်ငံ၏ လက်ရှိသစ်တောဖုံးလွှမ်းမှုအခြေအနေ၊ ၂၀၂၆ ခုနှစ် မိုးရာသီတွင် မော်လမြိုင် (တွဲဖက်) ချောင်းဆုံမြို့နယ် သစ်တော ဦးစီးဌာန၏ ပျိုးပင်များအကြောင်း၊ ပျိုးပင်များ ပြုစုပျိုးထောင်ခြင်းနှင့်ပတ်သက်၍ လုပ်ငန်းစဉ်အကျဉ်းချုပ်တို့ကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

၁၃ - ၇ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၆၉၀၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

စာတည်းမှူးချုပ်	- ဝင်းနိုင်	အကြီးတန်း သတင်းထောက်များ	- ခင်မိုမို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ နိုင်သန္တာလွှေ၊ ခင်ယုဆွေ၊ အိအိမွန်
စာတည်းမှူး	- အေဝမ်းစိုး		
စာတည်းများ	- စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဂါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဌေ၊ နိုင်လင်းကြည်	အငယ်တန်း သတင်းထောက်များ	- အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
		သုတေသန	- ဇင်မာဝင့်
		စာပြင်	- ခင်နှင်းယုနှင့်အဖွဲ့
ဘာသာပြန်	- အောင်ကျော်ကျော်၊ စိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- နိုလာစိုးနှင်းအဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- စိုးချစ်ဦးနှင်းအဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ဌေးရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။



ဗိုလ်ချုပ်အောင်ဆန်း၏ ဂူဗိမာန်၌ ဗိုလ်ချုပ်အောင်ဆန်း၏အစ်ကို ဦးအောင်သန်း၏မြေး ဦးရဲအောင်သန်း လွမ်းသူပန်းခွေချ ဂါရဝပြုစဉ်။



သခင်မြ၏ ဂူဗိမာန်၌ မိသားစုဝင်များက လွမ်းသူပန်းခွေချ ဂါရဝပြုစဉ်။



နီးဒုတ်ဦးဘချို၏ ဂူဗိမာန်၌ မိသားစုဝင်တစ်ဦးက လွမ်းသူပန်းခွေချ ဂါရဝပြုစဉ်။



ဦးဘဝင်း၏ ဂူဗိမာန်၌ ဦးဘဝင်း၏ မိသားစုဝင်များကိုယ်စား အာဇာနည်နေ့အခမ်းအနားကျင်းပ ရေးကော်မတီမှ ကိုယ်စားလှယ်တစ်ဦးက လွမ်းသူပန်းခွေချ ဂါရဝပြုစဉ်။

★ ရှေ့ဖုံးမှ

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ (၇၉) နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမောင်မြင့်၊ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာချောချောစိန်၊ ဦးထိန်လင်း၊ ဦးကိုကိုလွင်၊ ဦးခင်မောင်စိုး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးအောင်နိုင်သူ၊ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဌေး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ (၇၉) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်တို့နှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွမ်းသူပန်းခွေကိုချ၍ အလေးပြုကြသည်။

ထိုအချိန်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တိုင်ဝက်သို့လျှော့ချလွှင့်ထူ၍ ဂုဏ်ပြုတပ်ဖွဲ့ဝင်များက သေနတ်မြှောက်၍လည်းကောင်း၊ စစ်ခရာအဖွဲ့က ကျဆုံးရဲဘော်အလေးပြုခရာမှုတ်၍ လည်းကောင်း အလေးပြုကြပြီး နှစ်မိနစ်ငြိမ်သက်စွာ မေတ္တာပို့သအမျှပေးဝေကြသည်။

ယင်းနောက် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ၊ ကိုယ်စားလှယ်များက အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူပန်းခွေချ ဂါရဝပြုကြပြီး မေတ္တာပို့သအမျှပေးဝေကြသည်။

စာမျက်နှာ ၄ သို့ ★



မန်းဘခိုင်၏ ဂူဗိမာန်၌ မိသားစုဝင်များက လွမ်းသူပန်းခွေချ ဂါရဝပြုစဉ်။



မန်းဘခိုင်၏ ဂူဗိမာန်၌ မိသားစုဝင်များက လွမ်းသူပန်းခွေချ ဂါရဝပြုစဉ်။



မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏ ဂူဗိမာန်၌ မိသားစုဝင်များက လွမ်းသူပန်းခွေချ ဂါရဝပြုစဉ်။



ဦးရာဇတ်၏ ဂူဗိမာန်၌ မိသားစုဝင်များက လွမ်းသူပန်းခွေချ ဂါရဝပြုစဉ်။



ဦးအုန်းမောင်၏ ဂူဗိမာန်၌ မိသားစုဝင်များက လွမ်းသူပန်းခွေချ ဂါရဝပြုစဉ်။



ရဲဘော်ကိုထွေး၏ ဂူဗိမာန်၌ မိသားစုဝင်များက လွမ်းသူပန်းခွေချ ဂါရဝပြုစဉ်။

★ စာမျက်နှာ ၃ မှ

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံရုံးယာယီတာဝန်ခံများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူပန်းခွေချ အလေးပြုကြသည်။

လွမ်းသူပန်းခွေချ အလေးပြု


ထို့နောက် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းချုပ်၊ မြန်မာနိုင်ငံ ပိုးကရင်နှစ်ခြင်းခရစ်ယာန်အသင်းချုပ်၊ အရှိန်နှစ်ခြင်းခရစ်ယာန်အသင်းချုပ်၊ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ခရစ်ယာန်ကလျာဏယုဝအသင်း၊ မြန်မာနိုင်ငံဆရာဝန်များအသင်း၊ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံဟိန္ဒူအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၊ မြန်မာနိုင်ငံဗိသုကာကောင်စီ၊ ဖွံ့ဖြိုးတိုးတက်ရေးအကျိုးပြုအသင်း၊ လေးကျွန်းသူဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံသဘင်အစည်းအရုံးဗဟို၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ ဖူးလ်ဂေါ်စပယ် အသင်းတော်အဖွဲ့ချုပ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစ္စလာမ်သာသနာရေးရာ ကောင်စီဌာနချုပ်၊ သနန္တနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး၊ မြန်မာမွတ်စလင် အမျိုးသားရေးရာအဖွဲ့ဌာနချုပ်၊ မြန်မာမွတ်စလင် လူငယ်များအဖွဲ့ ဌာနချုပ်၊ မြန်မာမွတ်စလင်သာသနာ့ပညာရှင်များအဖွဲ့ချုပ်၊ စားသုံးသူသမဂ္ဂ၊

စာမျက်နှာ ၅ သို့ ★



ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူပန်းခွေချ အလေးပြုကြစဉ်။





နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက လွမ်းသူပန်းခွေချ အလေးပြုကြစဉ်။



အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးက လွမ်းသူပန်းခွေချစဉ်။



အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးက လွမ်းသူပန်းခွေချ ဂါရဝပြုစဉ်။



အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားသံအမတ်ကြီးက လွမ်းသူပန်းခွေချ အလေးပြုစဉ်။



အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးဒုတိယအကြီးအကဲက လွမ်းသူပန်းခွေချ ဂါရဝပြုစဉ်။



အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီးက လွမ်းသူပန်းခွေချ ဂါရဝပြုစဉ်။

★ စာမျက်နှာ ၄ မှ

မြန်မာနိုင်ငံတော် ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအသင်း(ဗဟို)၊ မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်၊ ရှင်သန်ရေးကူညီမှုအသင်း၊ အိုလမာ အစ္စလာမ်သာသနာ့ပညာရှင်များအဖွဲ့ချုပ်အပါအဝင် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူပန်းခွေချ အလေးပြုကြသည်။

ယင်းနောက် (၇၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက်ဂါရဝပြုကြသည့်ရဟန်းရှင်လူများ၊ ကျောင်းသား ကျောင်းသူများ၊ အများပြည်သူများက စနစ်တကျတန်းစီ၍ အာဇာနည်ခေါင်းဆောင်ကြီးများ၏ကျေးဇူးတရားကို အောက်မေ့အမှတ်ရသောအားဖြင့် ဂါရဝပြုကြသည်။

၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူခဲ့ကြပြီး အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် နံနက် ၁၀ နာရီ ၃၇ မိနစ်အချိန်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား တို့က ဥဩဆွဲအချက်ပေးခဲ့သည်။

ယနေ့တွင် အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၊ ဝန်ကြီးများရုံး(အတွင်းဝန်ရုံး)များသို့လည်း အများပြည်သူများက လာရောက်ဂါရဝပြုလေ့လာခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

PPIB News



လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ် ဂူဗိမာန်၌ လွမ်းသူပန်းခွေချ အလေးပြုကြစဉ်။



(၇၉) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက် ဂါရဝပြုကြသည့် ရဟန်းရှင်လူများ၊ ကျောင်းသား ကျောင်းသူများ၊ အများပြည်သူများက စနစ်တကျတန်းစီ၍ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို အောက်မေ့အမှတ်ရသောအားဖြင့် ဂါရဝပြုကြစဉ်။





လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူပန်းခွေချ အလေးပြုကြစဉ်။

❖ ဗိုလ်ချုပ်မှ

ပြုပြင်မှုတွေ ဆောင်ရွက်နိုင်ဖို့ ရန်ပုံငွေလည်း ချထားပေးခဲ့ပါတယ်။ ပြတိုက် ပြင်ဆင်မှု လုပ်ငန်းတွေကို ဆောက်လုပ်ရေး ဝန်ကြီးဌာန အထူးအဖွဲ့(၂)က တာဝန်ယူပြီး အကြီးစားမွမ်းမံမှု ဆောင်ရွက်ခဲ့တယ်။ ဒါကြောင့် အခုနှစ် အာဇာနည်နေ့အမိ ပြည်သူတွေ ကြည့်ရှုလေ့လာနိုင်ခဲ့ကြတယ်။ ပြုပြင်မွမ်းမံရာမှာ မူလက ရှိခဲ့တဲ့ ပုံစံကို စနစ်တကျ လေ့လာပြီး တော့ မီးသီး၊ လျှပ်စစ်မီးခလုတ်က အစ မူလ လက်ရာအတိုင်း ဆောင်ရွက်ခဲ့ပါတယ်” ဟု အမျိုးသား ပြတိုက်(ရန်ကုန်)မှ ညွှန်ကြားရေးမှူး ဒေါ်နန်းလောင်ငင်းက ပြောသည်။

(၇၉) နှစ်မြောက် အာဇာနည်နေ့အမိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်အား ရှေးမူမပျက် ပြန်လည် မွမ်းမံထားမှုကြောင့် ကိုလိုနီခေတ်ဟန် ရှေးဟောင်းအဆောက်အအုံအဖြစ် တန်ဖိုးမြင့်မားမှုကို ပြသနေသည်။



ဗိုလ်ချုပ်အောင်ဆန်း၏ စီလီကွန်ပုံတူအား ကျောင်းသား ကျောင်းသူများ စိတ်ဝင်တစား ကြည့်ရှုလေ့လာစဉ်။

“(၇၉)နှစ်မြောက် အာဇာနည်နေ့မှာ မူလအဆောက်အအုံပုံစံအတိုင်း ပြသနိုင်ခဲ့ပါပြီ။ ဗိုလ်ချုပ်ပြတိုက်ဟာ နှစ်သက်တမ်း ရာကျော်နေပါပြီ။ ဗိုလ်ချုပ်နေထိုင်ခဲ့တဲ့ နေအိမ်လည်း ဖြစ်တဲ့အတွက် နောင်လာနောက်သားတွေကြည့်ရှု လေ့လာနိုင်အောင် ရေရှည်တည်တံ့အောင် ထိန်းသိမ်းဖို့ ကျွန်မတို့မှာ တာဝန်ရှိပါတယ်။ ပြတိုက်ကြီးဟာ နိုင်ငံခြေခြေးဆောင် နေအိမ်ဖြစ်သလို ရှေးဟောင်း အမွေအနှစ်အဆောက်အအုံလည်း ဖြစ်ပါတယ်။ ဒါကို ရေရှည်တည်တံ့အောင်နဲ့ ရှေးမူမပျက် ပြင်ဆင်မွမ်းမံနိုင်အောင် လမ်းညွှန်ပေးခဲ့တဲ့ နိုင်ငံတော်အကြီးအကဲ ကိုလည်း ကျေးဇူးတင်ပါတယ်”ဟု အမျိုးသားပြတိုက်(ရန်ကုန်)မှ ညွှန်ကြားရေးမှူးက ပြောသည်။

ထိုကဲ့သို့ ပြင်ဆင်မွမ်းမံရာတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံငလျင်ကောင်စီ၊ ဗိသုကာအသင်း၊ နည်းပညာကော်မတီ၊ ကျွမ်းကျင်ပညာရှင်များနှင့် ရန်ကုန်ဖြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများကလည်း ကဏ္ဍအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည်။

“ရှေးမူမပျက် မူလအတိုင်း ကြံခိုင်ကောင်းမွန်အောင် ပြင်ဆင်ထိန်းသိမ်းရာမှာ အသေးစိတ် စနစ်တကျ ဆောင်ရွက်ခဲ့ကြတာ ဖြစ်ပါတယ်။ လျှပ်စစ်ပိုင်းဆိုင်ရာ ပစ္စည်းတွေ မီးစလောင်း၊ မီးခလုတ်၊ ပန်ကာစတာတွေ အားလုံးကို မူလလက်ရာအတိုင်း ရှာဖွေပြီး ပြုပြင်မွမ်းမံနိုင်ခဲ့တယ်။ ဗြီးတော့ မျက်နှာကြက်၊ ဘေစင်၊ သန့်စင်ခန်း၊ လှေခါး၊ လျှောက်လမ်း၊ ကြမ်းခင်း၊ ခေါင်မိုး၊ ဆေးအရောင်၊ ရောသန့်စင်လုပ်ငန်းတွေ၊ မြက်ခင်း၊ ရေကန်ကိုလည်း မူလပုံစံအတိုင်း ပြင်ဆင်မွမ်းမံခဲ့ပါတယ်။ ရေကန်ဆိုရင် ဗိုလ်ချုပ်နေထိုင်စဉ်က မြေသားကန်ဖြစ်တဲ့အတွက် နိုင်ငံတော်အကြီးအကဲက အဲဒီခေတ် ဟန်အတိုင်း ပြုပြင်ဖို့ လမ်းညွှန်ခဲ့တဲ့အတွက် မူလအတိုင်း မြေသားကန်၊ ကန်ထဲကိုဆင်းတဲ့ လှေခါးပါရှိတာကြောင့် ကန်ဘေးပတ်လည် လက်ရန်းအကာ အပါအဝင် အားလုံးကို မူလအတိုင်း ပြုပြင်မွမ်းမံခဲ့ပါတယ်။ ဗြီးတော့ ဗိုလ်ချုပ်ပြတိုက်မှာရှိတဲ့ ဗိုလ်ချုပ် စီးခဲ့တဲ့ကားဟာ အရင်က မောင်းလို့ မရတဲ့အတွက် နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်မှုနဲ့ ပြန်လည် ပြုပြင်ခဲ့ပါတယ်။ အခုဗိုလ်ချုပ်ကားကို မောင်းလို့ရနေပါပြီ။ အခုလို နှစ်ပေါင်းရာကျော် သမိုင်းဝင် အဆောက်အအုံကြီးကို ပြုပြင်မွမ်းမံပြင်ဆင်နိုင်အောင် ဆောင်ရွက်ပေးခဲ့တဲ့ နိုင်ငံတော် အကြီးအကဲကို အထူးပဲကျေးဇူး တင်ပါတယ်”ဟု အမျိုးသားပြတိုက် (ရန်ကုန်)မှ ဒုတိယ ညွှန်ကြားရေးမှူး ဦးသက်ဇော်က ပြောကြားသည်။

ညိမ်းသူ (သတင်းစဉ်)
ဓာတ်ပုံ - ကန်း

❍ ဂါစိုက်ပျိုးမှ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် တက်ရောက်အားပေးပြီး နည်းပညာနှင့် လိုအပ်ချက်များကို မိမိတို့ဝန်ကြီးဌာနက လုပ်ထုံးလုပ်နည်းများနှင့်အညီ အပြည့်အဝ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

သရုပ်ပြပွဲများတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ကျောပိုးဝါဆွတ်စက် အသုံးပြု၍ ဂါဆွတ်ခူးခြင်းဖြင့် လုပ်သား လိုအပ်ချက်နည်းပါးမှု၊ အချိန်တို အတွင်း ဂါအလေအလွင့်မရှိ ဆွတ်ခူး သိမ်းဆည်းနိုင်မှုတို့ကို ရှင်းလင်းပြသကြပြီး ဒေသခံဂါတောင်သူများအား ပြည်ထောင်စုဝန်ကြီးက တစ်နှစ်ပတ်လည် စိုက်ပျိုးလုပ်ကိုင်မှုနှင့် တောင်သူအကျိုးအမြတ်၊ အသားတင်ဝင်ငွေ အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ မေးမြန်းပြီး ဂါစိုက်ပျိုးထွက်ရှိမှုအားလုံးကို တောင်သူကိုယ်တိုင် စိတ်ကြိုက်ရောင်းချခွင့်ရှိသဖြင့် အမှန်တကယ် အကျိုးစီးပွားဖြစ်စေနိုင်မှု အပေါ် မူတည်၍ မြေအောက် ရေတူးဖော် အသုံးပြုခြင်း အပါအဝင် ထိုက်သင့်သည့် ရင်းနှီး မတည်မှုများကို တောင်သူများအပိုင်းက ထည့်သွင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားကာ တာဝန်ရှိသူများက စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်ကြီးမြို့နယ် ကျူဝန်းကျေးရွာအနီးရှိ ထုံးဘိုးစာခြံ၏ လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပိုးစာသုတေသနလုပ်ငန်းများ၊ အပူပိုင်းဒေသ ပိုးစာပင်စိုက်ပျိုးခြင်းနှင့် ပိုးမွေးမြူခြင်း လုပ်ငန်းများကို နည်းစနစ်ကျကျ အောင်မြင်စွာ ဆောင်ရွက်ရန်၊ ပိုးစာမျိုးများနှင့် ပိုးမွေးမြူခြင်း နည်းပညာများ မြှင့်တင် ဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❁ မြစ်ကြီးနားမှ

ထို့နောက် တက္ကသိုလ်သုတေသနစင်တာနှင့် တက္ကသိုလ်ဝင်းအတွင်းရှိ အဆောင်များကို ကြည့်ရှုစစ်ဆေးပြီး ဖိုရမ်သည် မြစ်ကြီးနားမြို့၌ နိုင်ငံတော်အဆင့် ပထမဆုံးအကြိမ် ကျင်းပသွားမည့် ဖိုရမ်ဖြစ်သည့်အတွက် လိုအပ်မှုမရှိစေရန် ကြိုတင် ပြင်ဆင်မှုအားလုံးဆောင်ရွက်နိုင်ရေး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ် ဆောင်ရွက်ပေးသည်။

အဆိုပါဖိုရမ်ကို အာဆီယံနိုင်ငံများ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယားနှင့် ရုရှားနိုင်ငံတို့မှ ထိပ်သီးတက္ကသိုလ်များ၊ ပြည်ပအဖွဲ့အစည်းများမှ ပညာရှင်များ၊ စာတမ်းရှင်များ တက်ရောက်ကြမည် ဖြစ်ပြီး စဉ်ဆက်မပြတ်ဖွဲ့ဖြိုးတိုးတက်ရေးအတွက် သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဆန်းသစ် တီထွင်မှုများ၊ လူမှုအသုံးချသိပ္ပံ၊ ဘာသာစကားနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ လူမှုရေးသိပ္ပံ၊ ငြိမ်းချမ်းရေး၊ MSME ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝ၊ ဉာဏ်ရည်တု(AI) နည်းပညာ၊ ကမ္ဘာလုံးဆိုင်ရာသင်ကြား ပြသမှုစနစ်နှင့် ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စသည့် အဓိကကဏ္ဍကြီး (၄)ခုနှင့် စပ်လျဉ်းသည့် စာတမ်းဖတ်ပွဲများ ပါဝင်မည့် အပြင် ဒေသထွက်ကုန်ပြခန်းများ၊ ရိုးရာယဉ်ကျေးမှုပြခန်းများဖြင့် စည်ကားသိုက်ဖြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

တိုင်းပြည်တိုးတက်ဖို့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြဖို့၊ စည်းကမ်းရှိဖို့၊ ဥပဒေကို နားလည်ဖို့လိုပါတယ်

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

ရန်ကုန် ဇူလိုင် ၁၉

ယနေ့ကျင်းပသည့် ၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးအနက်ထား အသိအမှတ်ပြုသည့်အနေဖြင့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ဂါရဝပြုခဲ့ပါသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်က ယနေ့အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မိဒီယာများ၏မေးမြန်းမှုများကို အောက်ပါအတိုင်းဖြေကြားခဲ့ပါသည်–

ဒီမိုကရေစီနည်းလမ်းအရ ရွေးချယ်တဲ့အစိုးရတစ်ရပ်အနေနဲ့ရော နိုင်ငံခြေခြေဆောင်တစ်ယောက်အနေနဲ့ရော အာဇာနည်ခေါင်းဆောင်တွေကို ကျွန်တော်တို့က အလေးအနက်ထားအသိအမှတ်ပြုဖို့လိုပါတယ်။ ဒါကြောင့် အာဇာနည်ခေါင်းဆောင်တွေနဲ့ပတ်သက်ပြီး ပြုလုပ်တဲ့အဖြင့်ဆုံးဖြစ်တဲ့ အာဇာနည်နေ့အခမ်းအနားကို လာရောက်တက်ခြင်းဖြစ်ပါတယ်။ ကျွန်တော်နဲ့အတူ အခြားခေါင်းဆောင်တွေလည်းပါလာတယ်။

အားလုံး စုစုစည်းစည်း ညီညီညွတ်ညွတ်နဲ့လာရောက်ပြီး နိုင်ငံတော်ရဲ့ အာဇာနည်ခေါင်းဆောင်တွေကို ဂါရဝပြုတဲ့အနေနဲ့ ကျွန်တော်လာခဲ့ခြင်းဖြစ်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်တဲ့အာဇာနည်ခေါင်းဆောင်တွေ အပါအဝင် နိုင်ငံခြေခြေဆောင်တွေက နိုင်ငံကိုဘယ်လိုမျှော်မှန်းပြီးတော့



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

တည်ဆောက်ခဲ့ကြသလဲ၊ စည်းလုံးညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်အောင် ဘယ်လိုတည်ဆောက်ခဲ့ကြသလဲဆိုတာ ကျွန်တော်တို့က အမြဲတမ်းလေ့လာပြီး တန်ဖိုးထားဖို့လိုပါတယ်။

လွတ်လပ်ရေးရပြီးတော့ စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့ အတွက် အားလုံးကညီညွတ်ဖို့လိုတာပေါ့။ ညီညွတ်ရုံနဲ့ မရသေးဘူး၊ တိုင်းပြည်အတွက်အလုပ်လုပ်ကြဖို့ လိုပါတယ်။ စည်းကမ်းရှိဖို့လည်း လိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေရှိနေတာ အမှန်ပါပဲ။ ဒါကိုစည်းကမ်းတကျ၊ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည်မဖွံ့ဖြိုး မတိုးတက်စရာအကြောင်းမရှိပါဘူး။ ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်တဲ့နိုင်ငံ မဖြစ်စရာအကြောင်းမရှိပါဘူး။ မြန်မာနိုင်ငံသားအားလုံး ခွန်အားရှိကြတယ်။ ကိုယ့်ခွန်ကိုယ့်အားကို အသုံးချနိုင်ဖို့ပဲလိုတယ်ဆိုတာ ပြောပါရစေ။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်းနေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့ အချိန်မှာလည်း အမျိုးမျိုးသော သွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ပြန်ပြီး စုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးကအရေးကြီးပါတယ်။

ညီညွတ်ဖို့ဆိုရင် စည်းကမ်းကိုနားလည်ဖို့လိုတယ်၊ ဥပဒေကို နားလည်ဖို့လိုတယ်၊ ဒါဆို အသိပညာ၊ အတတ်ပညာတွေ ကျွန်တော်တို့ ရအောင်လုပ်ပါမယ်။ ဒီလိုနဲ့ ပေါင်းစပ်ပြီးလုပ်မှာဖြစ်ပါတယ်။ ဒါကြောင့် အင်မတန်အရေးကြီးပါတယ်။

တိုင်းပြည်တိုးတက်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့ပြောချင်ပါတယ်။ **သတင်းအဖွဲ့**

နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုး အာဇာနည်နေ့အခမ်းအနားနှင့်ပတ်သက်၍ မီဒီယာများ၏မေးမြန်းမှုများ ဖြေကြား

ရန်ကုန် ဇူလိုင် ၁၉

ယနေ့ကျင်းပသည့် ၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ တက်ရောက်ဂါရဝပြုကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုးက မီဒီယာများ၏မေးမြန်းမှုအပေါ်ရှင်းလင်းဖြေကြားခဲ့မှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်–

နိုင်ငံတော်သမ္မတကြီးက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေနဲ့ ၂၀၁၆၊ ၂၀၁၇၊ ၂၀၁၈၊ ၂၀၁၉၊ ၂၀၂၀ ငါးကြိမ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ယာယီသမ္မတအနေနဲ့ ၂၀၂၅ ခုနှစ်မှာ တစ်ကြိမ်၊ အခုနိုင်ငံတော်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ချိန် ၂၀၂၆ ခုနှစ်မှာ အာဇာနည်နေ့အခမ်းအနားကို တက်ရောက်တာဖြစ်ပါတယ်။ အာဇာနည်နေ့ကို တစ်ကြိမ်မတိမတ်တက်ရောက်ခဲ့ခြင်းက နိုင်ငံတော်သမ္မတကြီးအနေနဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့လမ်းစဉ်နဲ့ မျှော်မှန်းချက်တွေကို တနိုဖြိုးထားခြင်း၊ အမျိုးသားရေးတာဝန်ကို ဦးထိပ်ပန်ဆင်ခြင်း၊ သမိုင်းသင်ခန်းစာတွေ



နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုး

ဖော်ထုတ်ဖို့အတွက် ရည်မှန်းပြီး တက်နေတာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတအနေနဲ့ နိုင်ငံတော်အတွက် အသက်ပေးပြီး လွတ်လပ်ရေးကို တိုက်ယူခဲ့ကြတဲ့ အာဇာနည်ခေါင်းဆောင်ကြီးများရဲ့ ဂုဏ်ကျေးဇူးကို အောက်မေ့သတိရတဲ့အနေနဲ့ ဒီနေ့အခမ်းအနားကို တက်ရောက်တာဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတကြီးက စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနဲ့ အတူ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုစနစ် တည်ဆောက်ဖို့အတွက်ကို ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ထာဝရငြိမ်းချမ်းရေး ရရှိဖို့လည်း အလေးထားဆောင်ရွက်နေပါတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေ ချမှတ်ခဲ့တဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို အကောင်အထည်ဖော်နေခြင်းပဲဖြစ်ပါတယ်။

လက်ရှိအစိုးရအနေနဲ့ လူငယ်တွေ ဗလငါးတန်ဖွံ့ဖြိုးဖို့ အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ပညာရေးကို အထူးအလေးထားအားပေးနေပါတယ်။ ဒဲ့အပြင် လူငယ်စာရိတ္တမဏ္ဍိုင် ကြံခိုင်ဖို့ အတွက် အခြေခံပညာကျောင်းတွေမှာ ပြည်သူနိတိနဲ့ စာရိတ္တပညာရပ်တွေကို ထည့်သွင်းသင်ကြားပေးနေပါတယ်။

နိုင်ငံတော်ကို ချစ်မြတ်နိုးတဲ့စိတ်နဲ့ ကာကွယ်စောင့်ရှောက်လိုတဲ့စိတ်ဓာတ် လူငယ်ထုအတွင်း ထာဝရကိန်းအောင်းနေစေဖို့ ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်၊ ကင်းထောက်လူငယ်နဲ့ လူရည်ချွန်စီမံကိန်းလို နယ်ပယ်စုံလေ့ကျင်မှုတွေကို နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အစိုးရအနေနဲ့ နိုင်ငံတော်ရဲ့ သမိုင်းကြောင်း၊ ခေတ်စနစ်အတွေ့အကြုံနဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ ကြိုးပမ်းမှုတွေကို သင်ခန်းစာယူနိုင်ဖို့ Video Clip တွေ၊ ပြခန်းတွေကို အခမ်းအနားတွေက တစ်ဆင့် ဖော်ပြပေးလျက်ရှိပါတယ်။ သမိုင်းသင်ခန်းစာအနေနဲ့ အချင်းချင်း စည်းလုံးညီညွတ်မှုအားနည်းရင် လွတ်လပ်ရေး ဆုံးရှုံးရတာတိတယ်ဆိုတဲ့ အသိအမြင်ကို နှလုံးသွင်းပြီး ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ရေးကို ဦးတည်ဆောင်ရွက်နေပါတယ်။ မိမိတို့ရဲ့ အမျိုး၊ ဘာသာ၊ သာသနာနဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေ၊ ထုံးတမ်းစဉ်လာတွေကို မပျောက်ပျက်အောင် ထိန်းသိမ်းခြင်းဖြင့် အမျိုးသားရေးစရိုက်လက္ခဏာတွေကို မြှင့်တင်ပေးခြင်းလို့ပြောလိုပါတယ်။ **သတင်းအဖွဲ့**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်ရှိ အမှတ်(၅)ဓာတ်မြေဩဇာစက်ရုံ စက်လည်ပတ်ထုတ်လုပ်နေမှု ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၉

ထုတ်လုပ်သည့် ဓာတ်မြေဩဇာများအား ဖြန်ဖြူးရာတွင် ပြင်ပပေါက်ဈေးထက် နိုင်ငံတော်မှ အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးခြင်းဖြစ်သည့်အတွက် အသုံးပြုခွင့်ရရှိသည့် တောင်သူလယ်သမားများအတွက် များစွာ အကျိုးကျေးဇူးရှိပါကြောင်း၊ နောင်နှစ်များစွာတိုင်လည်း ယခုထက် ပိုမိုတိုးတက်ထုတ်လုပ်နိုင်သည့် စက်ရုံကြီးအဖြစ် ရပ်တည်နေနိုင်အောင် ဝန်ထမ်းများက ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက ပြောသည်။

ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း လက်အောက်ရှိ အမှတ်(၅) ဓာတ်မြေဩဇာစက်ရုံ၏ စက်လည်ပတ်ထုတ်လုပ်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

ပေးအပ်

ဆက်လက်၍ ဒုတိယဝန်ကြီးက စက်ရုံကြီးသည် စက်စတင်လည်ပတ်ခဲ့သည့် ၂၀၁၁ ခုနှစ်မှစတင်၍ လက်ရှိအချိန်ထိ ယူရီးယားဓာတ်မြေဩဇာ တန်ပေါင်း ခုနစ်သိန်းနီးပါး ထုတ်လုပ်နိုင်ခဲ့ပြီးဖြစ်၍ နိုင်ငံတော်နှင့် ဝန်ကြီးဌာနအတွက်များစွာ အကျိုးကျေးဇူးရှိပါကြောင်း၊ စက်ရုံပုံမှန်လည်ပတ်နိုင်ရေး သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်မီးပုံမှန်ရရှိရေးသည် အရေးကြီးပါကြောင်း၊ ဓာတ်အားလိုင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နည်းပညာနှင့်စက်ပစ္စည်း လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းစေလိုကြောင်း ပြောကြားပြီး စက်ရုံရှိအရာထမ်း၊အမှုထမ်းများအား အင်အားဖြည့်အစားအစာများ ပေးအပ်သည်။



ယင်းနောက် စက်ရုံ၏ Control Room၊ အရည်အသွေး စစ်ဆေးရေးဌာန၊ စက်လည်ပတ်ထုတ်လုပ်နေမှုအခြေအနေနှင့် ထုတ်လုပ်ပြီး ဓာတ်မြေဩဇာများ စနစ်တကျသိုလှောင်ထားရှိမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကြေးမုံ

အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ရန်ကုန်မြို့တော်ခန်းမ၌ ဆွမ်းဆက်ကပ်ခြင်းနှင့် အလှူဒါနပြုအမျှပေးဝေခြင်းအခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၁၉

၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် အာဇာနည်နေ့တွင် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများ အားရည်စူး၍ ဆွမ်းဆက်ကပ်ခြင်း၊ အလှူဒါနပြု အမျှပေးဝေခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီ ၄၀ မိနစ်တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ (၇၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုနှစ်ကြိုးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်ညွှန့်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးငွေးအောင်၊ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုနှစ်ကြိုးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသာ လင်္ကာရာဘိဝံသ ရွှေဘိုဆရာတော်ကြီးထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ဖတ်သရဏဂုံဆောက်တည်ခြင်း၊ မေတ္တာသုတ်အစချီသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တစန္ဒဝံသာ လင်္ကာရာဘိဝံသ ရွှေဘိုဆရာတော်ကြီးထံမှ အနုမောဒနာတရား နာယူကြပြီး ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနားပြီးဆုံးချိန်တွင် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း (၇၉) နှစ်မြောက် အာဇာနည်နေ့ ဆွမ်းဆက်ကပ်လှူဒါန်းပွဲ တက်ရောက်

နေပြည်တော် ဇူလိုင် ၁၉

(၇၉)နှစ်မြောက် အာဇာနည်နေ့တွင် နိုင်ငံတော်အတွက် အသက်ပေးလှူသွားကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူးကုသိုလ်ပြု ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် အမျှပေးဝေခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ နေပြည်တော်ကောင်စီရုံး ဧမျှသိရိုဝန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ဗဟိုသံဃဥဝန်ဆောင် ဆရာတော်၊ ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မဂ်လာဓေယျံ ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိကဓဇ ဘဒ္ဒန္တ နေမိန္ဒ ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပူးသရဏဂုံတော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မဂ်လာဓေယျံ ကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ တက်ရောက် လာကြသူများက သံဝေဂကထာတရား နာယူကြကာ အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။



ယင်နေ့ည နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ဥဩဆွဲအချက်ပေးခြင်းနှင့် အခမ်းအနားသို့ တက်ရောက် လာကြသူများက နိုင်ငံတော်အတွက် အသက်ပေးလှူသွားကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ တစ်မိနစ်ငြိမ်သက် ဂါရဝပြုကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

(၇၉)နှစ်မြောက် အာဇာနည်နေ့ ဝမ်းနည်းခြင်းအထိမ်းအမှတ် နိုင်ငံတော်အလံအား တိုင်တစ်ဝက်လျှောချလွှင့်ထူ၍ အလေးပြုခြင်းအခမ်းအနား အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) ၌ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၉

(၇၉)နှစ်မြောက် အာဇာနည်နေ့ ဝမ်းနည်းခြင်း အထိမ်းအမှတ် နိုင်ငံတော်အလံအား တိုင်တစ်ဝက် လျှောချလွှင့်ထူပြီး အလေးပြုခြင်း အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးခဲ့ရာ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)၌ ကျင်းပသည်။



အလေးပြု

အခမ်းအနားသို့ (၇၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား ကျင်းပရေးလုပ်ငန်း ကော်မတီ အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးမျိုးမြင့်အောင်နှင့် ကော်မတီဝင်များ၊ ဌာနမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်များမှ စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဂုဏ်ပြုတပ်ဖွဲ့တို့ တက်ရောက်ကြပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများအား အလေးပြု၍ ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် နိုင်ငံတော် အလံအား တိုင်တစ်ဝက်သို့ လျှောချလွှင့်ထူပြီး နှစ်မိနစ်ငြိမ်သက်စွာ ဂါဝရပြုကြသည်။

ယနေ့ အာဇာနည်နေ့၌ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) အတွင်း ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည် ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရာ အစည်းအဝေးခန်းမနှင့် ပါလီမန်အဆောက်အအုံတို့ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီ အထိ အများပြည်သူ လာရောက် လေ့လာနိုင်ရန် တစ်ရက်တာ အခမဲ့ ဖွင့်လှစ်ခဲ့သည်။

အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)အတွင်း အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် အစည်းအဝေးခန်းမ၌ အာဇာနည်ခေါင်းဆောင်ကြီးများ အသုံးပြု ကျန်ရှိခဲ့သည့် ပစ္စည်း ၂၈ မျိုးအစည်း အဝေးပြုလုပ်စဉ်က စားပွဲနှင့် ကုလားထိုင်များ၊ ကျဆုံးခေါင်းဆောင်များ၏ သတင်းနှင့် ဆောင်းပါးများ၊ အဆောက်အအုံ သမိုင်းကြောင်းနှင့် ဗိသုကာလက်ရာများ၊ သက်တမ်း နှစ် ၁၃၀ ကျော်ရှိ ပြီဖြစ်သော ပါလီမန်လွှတ်တော် အဆောက်အအုံနှင့် သမိုင်းဝင် မှတ်တမ်းဓာတ်ပုံများ ခင်းကျင်း ပြသထားရာ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ လာရောက် ကြည့်ရှုလေ့လာကြပြီး ဥဏ်းစမ်းပေါင်ဋ္ဌ မေးခွန်းများ ဖြေဆိုမှုမှ အမှတ်တရလက်ဆောင် များပေးအပ်သည့် အစီအစဉ်တွင် လည်းပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ အထူးစိတ်ဝင်စား စွာ ပါဝင်ဖြေဆိုခဲ့ကြသည်။

သတင်းစဉ်

(၇၉)နှစ်မြောက် အာဇာနည်နေ့၌ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ရဟန်းရှင်လူ ပြည်သူအများအပြား လာရောက်ကြည့်ရှုလေ့လာ

ရန်ကုန် ဇူလိုင် ၁၉

၂၀၂၆ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ကျရောက်သည့် (၇၉)နှစ်မြောက် အာဇာနည်နေ့တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်ချုပ်ပြတိုက်လမ်း (ယခင်တာဝါလိန်းလမ်း)ရှိ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်သို့ ရဟန်းရှင်လူ ပြည်သူအများအပြား လာရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

"အာဇာနည်နေ့မှာ ဗိုလ်ချုပ်ပြတိုက်ကို လာရောက်ကြတဲ့ ပြည်သူတွေနဲ့ ကျောင်းသားကျောင်းသူတွေ ကြည့်ရှုလေ့လာနိုင်အောင် ဗိုလ်ချုပ်မွေးဖွားခဲ့တဲ့ ၁၉၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်ကနေ ဗိုလ်ချုပ်ကျဆုံးခဲ့တဲ့ ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်အထိ ဗိုလ်ချုပ်ရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုတွေ၊ မိသားစုဘဝနဲ့ သမိုင်းကြောင်းတွေကို စုံစုံလင်လင် ပြသထားပါတယ်။ ကျောင်းသား ကျောင်းသူတွေ၊ ပြည်သူတွေ စိတ်ဝင်စားနဲ့ အများအပြားလာရောက်ကြည့်ရှုလေ့လာကြတာကို တွေ့ရပါတယ်"ဟု အမျိုးသားပြတိုက် (ရန်ကုန်) မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သီသီသောင်းက ပြောသည်။



ဗိုလ်ချုပ်အောင်ဆန်းနေထိုင်ခဲ့သည့် နေအိမ်ပြတိုက်၌ အများပြည်သူကြည့်ရှုလေ့လာနိုင်ရန် ပြကွက်အမျိုးမျိုးကို ခင်းကျင်းပြသထားပြီး ပြကွက်တစ်ကွက်အဖြစ် ပြတိုက်အဝင်ပေါက်အနီး ဗိုလ်ချုပ်အောင်ဆန်းစီးခဲ့သည့် မော်တော်ယာဉ်ကို ပြသထားသည်။

ပြတိုက်အတက်လမ်းတွင် ဗိုလ်ချုပ်အောင်ဆန်း နေအိမ်အား ရှေးမူမပျက် အဆင့်ဆင့် ပြင်ဆင်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများကို ပြသထားပြီး ပြကွက်နှစ်ခုအဖြစ် လေသာဆောင်၌ ကုလားထိုင်တွင် ဗိုလ်ချုပ် စာဖတ်နေဟန် ဆီလီကွန်ရုပ်တုကို ပြသထားရာ ကျောင်းသားလူငယ်များနှင့် ပြည်သူအများ အထူးစိတ်ဝင်တစား လေ့လာကြည့်ရှုခဲ့ကြသည်။

ထို့အတူ ပြကွက်သုံးအဖြစ် အိမ်အတွင်း၌ ဗိုလ်ချုပ်နှင့် မိသားစုထမင်းစားဝိုင်းကို ပြသထားပြီး စားပွဲပေါ်တွင် ဗိုလ်ချုပ်က ဇနီးဖြစ်သူ ဒေါ်ခင်ကြည်အား ပဲပြုတ်စားလိုက်ကြောင်း ရေးသားပေးခဲ့သည့် ဗိုလ်ချုပ်၏ လက်ရေးမူကိုလည်း ပြသထားသည်။ ထို့ပြင် စတုဂုံခန်းနှင့် အစားအသောက်ပြင်ဆင်ပေးသည့်အခန်း၌ နည်းပညာပြခန်း (Digital Room) ကို ပြသထားရာ လူအများစိတ်ဝင်တစား ကြည့်ရှုလေ့လာကြသည်။

ပြကွက်လေးအဖြစ် နေအိမ်၏ ဧည့်ခန်းမ၌ ပန်းချီဆရာကြီး ဦးငွေကိုင်ရေးဆွဲခဲ့သော ဗိုလ်ချုပ် စိုက်ပျိုးရေးလုပ်နေသည့် 'အိမ်နောက်ဖေး ဧရုးဆိုင်တည်' ပန်းချီကားကိုပြသထားပြီး ထိုပန်းချီကားဘေး၌ ဗိုလ်ချုပ်အောင်ဆန်းအား အိန္ဒိယနိုင်ငံ၏ ခေါင်းဆောင် မစ္စတာနေရူးပေးခဲ့သည့် ကုတ်အင်္ကျီ၊ ဗိုလ်ချုပ်တို့အသုံးပြုခဲ့သည့် စားပွဲ၊ ကုလားထိုင်များနှင့် နံရံ၌ ဗိုလ်ချုပ်စစ်ဝတ်စုံဖြင့် ကိုယ်တစ်ပိုင်းဓာတ်ပုံ၊ မိသားစုဓာတ်ပုံနှင့် ဗိုလ်ချုပ် မင်္ဂလာဆောင်စဉ်က ဓာတ်ပုံတို့ကို နံရံ၌ ချိတ်ဆွဲပြသထားသည်။

အလားတူ ပြကွက်ငါးအဖြစ် အပေါ်ထပ် ဘယ်ဘက်အခြမ်း၌ ဗိုလ်ချုပ်တို့ ဇနီးမောင်နှံအိပ်ခန်း၊ ခုတင်၊ ဗိုလ်ချုပ်တို့ဇနီးမောင်နှံဓာတ်ပုံများ၊ ဗိုလ်ချုပ် အသုံးပြုခဲ့သည့် အဝတ်အထည်များ၊ ဦးထုပ်များနှင့် ဂျူးဖိနပ်တို့ကို ပြသထားပြီး ထိုအခန်းနှင့် ကပ်လျက် အခန်း၌ ဗိုလ်ချုပ်စာဖတ်ခန်းကို ပြသထားသည်။

ယင်းအပြင် ပြကွက်ခြောက်အဖြစ် ကလေးများအိပ်ခန်း၊ အိပ်ခန်းအတွင်း အောင်ဆန်းလင်းဇင်၏ အဝတ်အစားများ၊ ကစားစရာများ၊ ကျောင်းစာအုပ်များနှင့် အောင်ဆန်းလင်းဇင်၏ လက်ရေးမူစာသားနှင့် ဗိုလ်ချုပ်တို့ မိသားစုဓာတ်ပုံများကို ပြသထားသည်။

ကလေးအိပ်ခန်းနှင့် ကပ်လျက် အထူးအစည်းအဝေးခန်းတွင် ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းကောက်နုတ်ချက်၊ ဗိုလ်ချုပ်နှင့် ဂျိုနီးဖောတိုင်းရင်းသူများဓာတ်ပုံနှင့် ဂျိုနီးဖောတစ်စုံဖြင့် ရိုက်ကူးထားသည့် ဒေါ်ခင်ကြည်၏ ဓာတ်ပုံတို့ကို ချိတ်ဆွဲပြသထားသည်။

အစည်းအဝေးခန်းအပြင်ဘက် လျှောက်လမ်းမှ လှေကားအနီး အိမ်အောက်ထပ်၌ မီးဖိုခန်း၊ ထိုနေရာမှ အိမ်အနောက်ဘက်၌ ဗိုလ်ချုပ်ကိုယ်တိုင် စိုက်ခင်းအတွင်း စိုက်ပျိုးနေသည့် စီလီကွန်ရုပ်တုကို ပြသထားသည်။

နောက်ဆုံးပြကွက် ပြကွက်ခုနစ်အဖြစ် ပြတိုက်အထွက်လမ်း၌ နည်းပညာပြကွက်များနှင့် ဥဏ်စိမ်းပဟေဠိအစီအစဉ်ကို ပြသဆောင်ရွက်ထားပြီး ဥဏ်စိမ်းပဟေဠိ ဖြေဆိုအောင်မြင်သူများကို အမှတ်တရလက်ဆောင်များလည်း ပေးအပ်ခဲ့သည်။

မြန်မာ့လွတ်လပ်ရေးပိသုကာ ဗိုလ်ချုပ်အောင်ဆန်း နေထိုင်ခဲ့သည့် နေအိမ်ပြတိုက်ကို တနင်္လာနေ့နှင့် အများပြည်သူ ရုံးပိတ်ရက်များမှအပ အခြားနေ့များတွင် နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ပြသလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



ဒီရေတောင်ဟစနစ် ထိန်းသိမ်းရေး အသိပညာပေး

ပေါင် ဇူလိုင် ၁၉

မွန်ပြည်နယ် ပေါင်မြို့နယ်၌ အပြည်ပြည်ဆိုင်ရာ ဒီရေတောင်ဟစနစ် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အထက(မင်းတန်း)၌ ပြုလုပ်သည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်တင်ဇော်စိုးက စာဖတ်ခြင်း၏အကျိုးကျေးဇူးများ၊ သစ်တောဦးစီးဌာနမှ တောအုပ်ကြီးဦးဇော်လွင်ဦးက ဒီရေတောကမ်းရိုးတန်း သယံဇာတများ ဆုံးရှုံးပျက်စီးရသည့် အကြောင်းရင်းများနှင့် ကမ်းရိုးတန်း ဂေဟစနစ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဟောပြောခဲ့ပြီး ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့သည်။ ထို့နောက် မြန်မာ့ဒီရေတောနှင့်ပတ်သက်သည့် အသိပညာပေးလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မွန်မလေး(ပြန်/ဆက်)**

နတ်မောက်မြို့ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်တွင် (၇၉)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဗိုလ်ချုပ်အောင်ဆန်းငယ်ဘဝဖြစ်စဉ်များမှ နိုင်ငံရေးကြိုးပမ်းလှုပ်ရှားမှုအထိ မှတ်တမ်းဓာတ်ပုံများပြသ

နတ်မောက် ဇူလိုင် ၁၉

မကွေးတိုင်း ဒေသကြီး နတ်မောက်မြို့ အောင်ဆန်းရပ်ကွက်ရှိ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်တွင် (၇၉) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အထူးပြခန်းအဖြစ် ဗိုလ်ချုပ်အောင်ဆန်း၏ငယ်ဘဝဖြစ်စဉ်များမှစ၍ နိုင်ငံရေးကြိုးပမ်းလှုပ်ရှားမှုအထိ မှတ်တမ်းဓာတ်ပုံများကို ယနေ့တွင်ခင်းကျင်းပြသရာ လာရောက်ကြည့်ရှုကြသည့် ပြည်သူများ၊ ကျောင်းသားကျောင်းသူများဖြင့် စည်ကားခဲ့သည်။

(၇၉)နှစ်မြောက်အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် နတ်မောက်မြို့ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်တွင် ဂုဏ်ပြုသောအားဖြင့် ဗိုလ်ချုပ်အောင်ဆန်းငယ်ဘဝ မှ နိုင်ငံရေးကြိုးပမ်းလှုပ်ရှားမှုအထိ မှတ်တမ်းဓာတ်ပုံများကို ပြသထားသည်။ နတ်မောက်မြို့ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်ကို တနင်္လာနေ့နှင့် ပြန်တမ်းဝင်ရုံးပိတ်ရက်များမှအပ ကျန်ရက်များတွင် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ လာရောက်ကြည့်ရှုလေ့လာနိုင်ပြီး ယနေ့တွင် (၇၉)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ အများပြည်သူ လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။ **လှဝင်း**



အာဇာနည်နေ့ ဝမ်းနည်းခြင်းအထိမ်းအမှတ် ဥသြဆွဲခြင်း၊ အလေးပြုခြင်းများပြုလုပ်

အုတ်တွင်း ဇူလိုင် ၁၉

(၇၉) နှစ်မြောက်အာဇာနည်နေ့ ဝမ်းနည်းခြင်း အထိမ်းအမှတ် အနေဖြင့် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် မီးသတ်စခန်း၊ ကျွဲပွဲနယ်မြေ မီးသတ်စခန်းနှင့် ဗောဓိကုန်း အမြန်လမ်းနယ်မြေ မီးသတ်စခန်းရှိ မီးသတ်တပ်ဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းက ဥသြဆွဲခြင်း၊အလေးပြုခြင်းများကို တစ်ပြိုင်တည်း ပြုလုပ်ဆောင်ရွက်ခဲ့သည်။

ဆောင်ရွက်

ထိုကဲ့သို့ အာဇာနည်နေ့ ဝမ်းနည်းခြင်း အထိမ်းအမှတ် အနေဖြင့် ဥသြဆွဲခြင်း အလေးပြုခြင်းများ ဆောင်ရွက်ခြင်းအပြင် မြို့နယ်အတွင်းရှိ အစိုးရဌာနဆိုင်ရာ ရုံးဌာနများတွင်လည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို တိုင်တစ်ဝက် လွှင့်ထူခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခင်ခင်မာ(ပြန်/ဆက်)**



ခန္ဓီးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေး

ခန္ဓီး ဇူလိုင် ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ခန္ဓီးမြို့တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် မြစိမ်းရောင် ကျေးရွာစီမံကိန်း (၁၂) ကြိမ်မြောက် စက်ဝန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ကင်းတော်ကျေးရွာခန်းမ၌ ယမန်နေ့က ပြုလုပ်သည်။

ဦးစွာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြတ်ကိုက အမှာစကား ပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၀၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ၄၈ ဦးနှင့် ရေလုပ်ငန်းလုပ်ကိုင်သူ ၅၂ ဦး တို့အတွက် စုစုပေါင်းငွေကျပ် ၉၁ သန်း ၅၀ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကမ်းကီး(ပြန်/ဆက်)**



■

အာဇာနည်ခေါင်းဆောင်ကြီးတွေ ကျားကုတ်ကျားခဲကြိုးပမ်းခဲ့ကြတဲ့အတွက် လွတ်လပ်ရေးအခွန့်ရှည်တည်တံ့အောင် စောင့်ရှောက်သင့်ပါတယ်၊ ငြိမ်းချမ်းရေးက အရေးကြီးပါတယ်၊ အားလုံးငြိမ်းငြိမ်းချမ်းချမ်းဖြစ်ရင် တိုင်းပြည်အတွက် အကောင်းဆုံးဖြစ်ပါတယ်။

ဦးရဲအောင်သန်း

၂၀၂၆ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ ကျင်းပသည့် (၇၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားသို့ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ တက်ရောက်ဂါရဝပြုကြသည်။ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များပြောကြားသည့် အမှတ်တရစကားသံများကို ကောက်နုတ်စုစည်းဖော်ပြလိုက်ပါသည်-

ဦးရဲအောင်သန်း (ဗိုလ်ချုပ်အောင်ဆန်း၏ မိသားစုဝင်)

ဦးလေးဖြစ်တဲ့ဦးအောင်ဆန်းဦးက ကျန်းမာရေးမကောင်းဘူး။ ဒါကြောင့် သူ့ရဲ့ကိုယ်စားတက်ရောက်တာပါ။ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့မိသားစုဝင်ဖြစ်ရတာ ဂုဏ်ယူပါတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေ ကျားကုတ်ကျားခဲကြိုးပမ်းခဲ့ကြတဲ့အတွက် လွတ်လပ်ရေးအခွန့်ရှည်တည်တံ့အောင် စောင့်ရှောက်သင့်ပါတယ်။ ငြိမ်းချမ်းရေးက အရေးကြီးပါတယ်။ အားလုံးငြိမ်းငြိမ်းချမ်းချမ်းဖြစ်ရင် တိုင်းပြည်အတွက် အကောင်းဆုံးဖြစ်ပါတယ်။



ဦးရဲအောင်သန်း



ဦးရဲမြင့်အောင်



ဦးသန့်ဇင်ချို

ဦးရဲမြင့်အောင် (သခင်မြ၏ မိသားစုဝင်)

တိုင်းရင်းသားစည်းလုံးညီညွတ်ရေး လိုအပ်ပါတယ်။ အလွန်ကို အရေးကြီးပါတယ်။ အရေးကြီးတယ်ဆိုတာက ကျဆုံးသွားတဲ့လွတ်လပ်ရေးအတွက် ကြိုးပမ်းပေးခဲ့တဲ့ အာဇာနည်တွေထဲမှာ လူမျိုးပေါင်းစုံပါဝင်ပါတယ်။

လူမျိုးပေါင်းစုံဆိုတာက ကိုယ့်တိုင်းရင်းသားတွေတင် မဟုတ်ပါဘူး။ မူဆလင်လည်းပါတယ်။ ခရစ်ယာန်လည်းပါတယ်။ အားလုံးစည်းစည်းလုံးလုံးနဲ့ လွတ်လပ်ရေးရဖို့တစ်ခုတည်းကို အာရုံစိုက်ပြီး လုပ်ခဲ့ကြတယ်။ အခုအချိန်မှာ အားလုံးစည်းစည်းလုံးလုံးနဲ့လုပ်ကြရင် အဆင်ပြေမှာပါ။ နိုင်ငံ ဖွံ့ဖြိုးတိုးတက်နိုင်ပါတယ်။



စစ်ကိုင်ဖ



ဒေါ်မြင့်မြင့်ခိုင်



နန့်စိုးစိုးခိုင်

ဦးသန့်ဇင်ချို (ဒီးဒုတ်ဦးဘချို၏ မိသားစုဝင်)

တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေအားလုံး စုစုစည်းစည်း၊ ညီညီညွတ်ညွတ်နဲ့နေမှသာ တိုင်းပြည်တိုးတက်မှာဖြစ်ပါတယ်။ အားလုံးစိတ်ဝမ်းမကွဲဘဲ ချစ်ချစ်ခင်ခင်၊ စည်းစည်းလုံးလုံးနေကြဖို့ တိုက်တွန်းချင်ပါတယ်။ ကျွန်တော်တို့ တိုင်းပြည်တိုးတက်ဖို့ ငြိမ်းချမ်းပြီးတည်ငြိမ်မှုရှိဖို့က အဓိကပါ။ အဲဒီလို ငြိမ်းချမ်းမှုရှိပြီးတော့ တည်ငြိမ်မှုရှိဖို့ဆိုတာလည်း တိုင်းရင်းသားအားလုံး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်နဲ့ ပဋိပက္ခတွေ မရှိကြဘူးဆိုရင် ဒီဟာက အကောင်အထည်ပေါ်မှာပါ။ ဒါကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဆိုတာ နိုင်ငံတိုင်းနိုင်ငံတိုင်း၊ အဓိကကတော့ ကျွန်တော်တို့တိုင်းရင်းသားတွေ အများကြီး ပိုင်းရံထားတဲ့နိုင်ငံမှာ အင်မတန်မှ အရေးကြီးပါတယ်လို့ ထင်ပါတယ်။



ဦးလှကြည်



ဒေါက်တာမင်းမြင့်



ဦးအောင်ကိုကို

တိုင်းရင်းသားစည်းလုံးညီညွတ်ဖို့ အဓိကကတော့ ပွင့်ပွင့်လင်းလင်းနဲ့ တစ်ယောက်ရဲ့လိုအပ်ချက်ကို တစ်ယောက်က နားလည်ပြီး ခွင့်လွှတ်ပေးကြမယ်ဆိုရင် အကောင်းဆုံးဖြစ်သွားမှာပါ။

စစ်ကိုင်ဖ (မိုင်းပွန်စော်ဘွားကြီး စဝ်ခဲထွန်း၏ မိသားစုဝင်)

နှစ်တိုင်းတက်ခဲ့ပါတယ်။ သုံကိသုံကျိမြိုကျိမြိုက်နဲ့ သတိတရလာရောက်ဂါရဝပြုကြတာ ဝမ်းသာပါတယ်။ အားလုံးညီညီညွတ်ညွတ်နေကြပါလို့ တိုက်တွန်းချင်ပါတယ်။

ဒေါ်မြင့်မြင့်ခိုင် (မန်းဘခိုင်၏ မိသားစုဝင်)

ခေါင်းဆောင်ကြီးတွေမျှော်မှန်းတဲ့ လွတ်လပ်ပြီး ဖွံ့ဖြိုးတိုးတက်၊ ငြိမ်းချမ်းသာယာတဲ့ နိုင်ငံတော်ကြီး ဖြစ်အောင် ကျရာတာဝန်ကနေ အားလုံးစိတ်တူကိုယ်တူ ပိုင်းဝန်းလုပ်ဆောင်ကြဖို့ တိုက်တွန်းလိုပါတယ်။ ခေါင်းဆောင်ကြီးတွေကျဆုံးတာလည်း နှစ်ပေါင်းများစွာ ကြာပါပြီ။ အားလုံးက မိမိရောက်တဲ့နေရာ၊ ကျရာတာဝန်ကို ညီညီညွတ်ညွတ်နဲ့ စိတ်တူကိုယ်တူဖြစ်ဖို့ အရေးကြီးပါတယ်။

စိတ်တူကိုယ်တူဆောင်ရွက်ကြမယ် ဆိုလျှင် မျှော်မှန်းတဲ့ နိုင်ငံတော်ကြီးဖြစ်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်။

နန့်စိုးစိုးခိုင် (မန်းဘခိုင်၏ မိသားစုဝင်)

အရေးအကြီးဆုံးက စည်းလုံးညီညွတ်ခြင်းက အရေးအကြီးဆုံးပဲ။ ကျွန်မတို့နိုင်ငံက ဘိုးဘေးတွေ လက်ဆင့်ကမ်းခဲ့တဲ့ လွတ်လပ်ရေးအမွေ ကျွန်မတို့ ရခဲ့တဲ့အတွက် ဘိုးဘွားတွေကို ကျေးဇူးတင်ကြောင်း အရင်ပြောပြချင်တယ်။

ကျွန်မအဘိုးက ကရင်ခေါင်းဆောင်အဖြစ်နဲ့ ပါဝင်ပြီးတော့ နိုင်ငံအတွက် တည်ဆောက်ခဲ့တဲ့ အတွက် ကျေးဇူးတင်တယ်။ စည်းလုံးခြင်းက အရေးကြီးတယ်။ အဲဒါကိုတော့ ကျွန်မတို့က ဆက်လက်ပြီးတော့ တည်ဆောက်ရမယ်။ မျိုးဆက်သစ်တွေအနေနဲ့၊ ကျွန်မတို့ မိသားစုအနေနဲ့ကတော့ ကျွန်မအဘိုးက ပထမဦးဆုံးက ယုံကြည်ခြင်းအမွေကို လက်ဆင့်ကမ်းပေးတဲ့ ဘုရားသခင်ကိုသိကျွမ်းခြင်းအမွေလေး ကျွန်မတို့ကို ပေးခဲ့တယ်။ အဘိုးတွေကနေပြီးတော့ ကျွန်မတို့ကို ယုံကြည်ခြင်းအမွေပေးခဲ့တယ်။ အဲဒီအတွက်ကို ကျေးဇူးတင်တယ်။ ဒုတိယတစ်ခုက လွတ်လပ်ရေးပေါ့။ လွတ်လပ်ရေးကို ကျွန်မတို့ဆီ လက်ဆင့်ကမ်းခဲ့ပြီ။ ကျွန်မတို့လက်ထက်မှာလည်း ဆက်လက်ပြီး တည်ဆောက်ရမှာဖြစ်တယ်။ ကျွန်မအဘိုးနဲ့ ကျွန်မအဘွား ဒေါ်အေးလုံဆိုရင် မိသားစုကို ချစ်ခြင်းမေတ္တာနဲ့ တည်ဆောက်တယ်။ ပြီးရင် ပတ်ဝန်းကျင်ကိုလည်း ချစ်ခြင်းမေတ္တာနဲ့ တည်ဆောက်တယ်။ ပြောရမယ်ဆို ဘုရားသခင်ဆီက စီးဆင်းလာတာ။ စည်းလုံးခြင်းဆိုတာလည်း ချစ်ခြင်းမေတ္တာကို အခြေခံပြီးတော့ ဆောင်ရွက်တာ။ အဲဒီတော့ ဘာပဲပြောပြော ကျွန်မတို့ ဆက်လက်ပြီးတော့ ဘိုးဘွားတွေ တည်ဆောက်ခဲ့တဲ့အရာကို သားသမီးမြေးတွေက တည်ဆောက်ရမှာဖြစ်ပါတယ်။

ဦးလှကြည် (ဦးဏရတ်၏ မိသားစုဝင်)

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးက အရေးကြီးတာပေါ့။ လွတ်လပ်ရေးရခဲ့တာက တိုင်းရင်းသားတွေအကုန်လုံး ညီညွတ်လို့ရခဲ့တာပါ။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးက ထွေထွေထူးထူးပြောနေစရာမလိုပါဘူး ဒါအရေးကြီးတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေက သူတို့ဟာသူတို့ အကုန်ပြောဆိုခဲ့ပြီးသားပါပဲ။ ဘယ်လိုနေရမလဲ၊ ထိုင်ရမလဲ၊ အာဇာနည်ခေါင်းဆောင်ကြီးတွေ လုပ်ခဲ့ကိုင်ခဲ့တာတွေက ဘာတွေလဲဆိုတာ သူတို့လည်း သိပြီးသားပါပဲ။

ဒေါက်တာမင်းမြင့် (ဦးအုန်းမောင်၏ မိသားစုဝင်)

နိုင်ငံတော်က ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ အာဇာနည်ခေါင်းဆောင်ကြီးတွေအတွက် နိုင်ငံတော်အဆင့် ခမ်းခမ်းနားနားဆောင်ရွက်ပေးတဲ့အတွက် မိသားစုဝင်တစ်ယောက်အနေနဲ့ ကျေးဇူးတင်ပါတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် အဖေက ICS အောင်ပြီး ပြန်လာတော့ မြစ်ကြီးနားမှာ တိုင်းမင်းကြီးပေါ့။ တိုင်းမင်းကြီးလုပ်ခဲ့တော့ ဆမားဒူးဝါးနဲ့ တော်တော်ခင်တယ်။

ပင်လုံညီလာခံလုပ်ဖို့ ဗိုလ်ချုပ်အောင်ဆန်းက ဦးအုန်းမောင်ခင်ဗျားသွားလိုက်ဆိုတော့ အဖေကလည်း သွားပေးပါတယ်။ သူက အဖေနဲ့ခင်တော့ ပုဂ္ဂိုလ်ရေးအရယုံကြည်မှုရှိတော့ လိုက်လာတယ်။ ဗိုလ်ချုပ်အောင်ဆန်းကို သွားတွေ့တယ်။ တွေ့တော့ နှစ်ပတ်လောက်ကြာတယ်။ အဲဒီတော့ ဗိုလ်ချုပ်အောင်ဆန်းနဲ့အဆင်ပြေသွားတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အဖေက တော်တော်လေး ထင်ထင်ရှားရှား လုပ်ခဲ့တယ်။ အောင်လည်း အောင်မြင်ပါတယ်။

ဦးအောင်ကိုကို (ရဲဘော်ကိုထွေး၏ မိသားစုဝင်)

လွတ်လပ်ရေးယူတုန်းကလည်း ပထမဆုံး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံပြီးတော့ ယူခဲ့ရတယ်။ မြန်မာနိုင်ငံကို တောင်တန်းဒေသတွေနဲ့ ပြည်မနဲ့ ကိုခွဲပြီးတော့ လွတ်လပ်ရေးပေးမယ်ဆိုတာ ဗိုလ်ချုပ်အောင်ဆန်းတို့ အောင်ဆန်း- အက်တလီ စာချုပ်သွားချုပ်တဲ့အချိန်မှာ သိခဲ့ရတယ်။ ဒါနဲ့ ပြန်လာပြီးတော့ ပြည်နယ်တွေဆင်းပြီး စည်းရုံးရေးအများကြီး လုပ်ရပါတယ်။ လုပ်တဲ့အခါကျတော့ ပင်လုံစာချုပ်ဆိုတာ ပေါ်လာပြီး လွတ်လပ်ရေးပေးတဲ့အခါ မြန်မာပြည်တစ်ခုလုံးကိုစုပေါင်းပြီး လွတ်လပ်ရေးရခဲ့တယ်။ အဲဒီမတိုင်ခင်မှာပဲ ဗိုလ်ချုပ်တို့က ကျဆုံးသွားတယ်။ အဲဒီတော့ လွတ်လပ်ရေးရပြီးတဲ့ အခါမှာလည်း အကုန်ပြန်ကြိုးစားပြီးတော့ တည်ဆောက်ခဲ့ရတယ်။ တည်ဆောက်ခဲ့တော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တော်တော်လေး ပြန်ရခဲ့တယ်။ အပြည့်အဝတော့မရပါဘူး၊ ဒါပေမဲ့ လူပဲနိုင်ရှားနိုင်၊ တစ်ပြည်လုံးကို ထိန်းချုပ်နိုင်တဲ့ အဆင့်အထိ ရခဲ့တယ်။ အဲဒီတော့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကိုလည်း ကျယ်ကျယ်ပြန့်ပြန့်နဲ့ ဖော်ဆောင်နိုင်ခဲ့တယ်။ စောစောပိုင်းကတော့ ရန်ကုန်အစိုးရဖြစ်တုန်းကတော့ ရန်ကုန်ကွက်ကွက်ပဲ။ အဲဒါနဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ ပြန်ပြီးတော့ ကျယ်ပြန့်လာတဲ့အချိန်မှာပဲ ၂၀၂၁ ခုနှစ်ပေါ့လေ။ အဲဒီမှာ နိုင်ငံရေး သဘောထားကွဲလွဲမှုကြောင့် အချင်းချင်းမှာလည်း ပြဿနာတွေအများကြီးရှိတယ်။ အခုအချိန်မှာ Geo-politics အရေ၊ Geo-economy အရေ နိုင်ငံက တော်တော်လေး အချက်အချာကျလာတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို မတည်ဆောက်နိုင်ဘူးဆိုရင်တော့ တိုင်းပြည်က နယ်ချဲ့လက်ထဲကိုပါသွားမှာ။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးက အစွမ်းထက်လာတာနဲ့အမျှ ပြည်တွင်းမှာ အေးဆေးသွားပြီးတော့ တည်ဆောက်ရေးလုပ်ငန်းတွေကို အဆက်မပြတ် လုပ်လို့ရတာပေါ့။ အခုကတော့ သမင်မွေးရင်း ကျားစားရင်းနဲ့ ကုန်နေတာပေါ့နော်။ တည်ဆောက်သမျှ ပြန်ကုန်။ အဲဒီတော့ အဲဒီလို တည်ဆောက်လို့ရပြီဆိုရင် ကျွန်တော်တို့နိုင်ငံက အများကြီးတိုးတက်မှာပေါ့။ တိုင်းပြည်တည်တည်ငြိမ်ငြိမ်နဲ့ တည်ဆောက်နိုင်ဖို့ဆိုရင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ရှိဖို့လိုတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးက သိပ်အရေးပါတယ်။ အဲဒါကြောင့် အမြန်ဆုံးတည်ဆောက်နေတာဖြစ်တယ်။ ဒီလိုတည်ဆောက်နေတာ အောင်မြင်အောင်လည်း ပိုင်းပြီးတော့ တတ်နိုင်တဲ့ဘက်ကနေ ကြိုးပမ်းရမှာပဲ။

သတင်းအဖွဲ့

သူနာပြုနှင့်သားဖွားစွမ်းအားစု - အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုစနစ်၏ ရင်းနှီးမြှုပ်နှံမှု

ဒေါက်တာတင်ထွန်း
(ဆေးပညာသင်ကြားရေး)

(ယမန်နေ့မှအဆက်)

ပထမဦးစွာ **"သူနာပြုနှင့် သားဖွားပညာရေး အရည်အသွေးမြှင့်တင်ရေး"** သည် မဟာဗျူဟာမြောက် ဦးစားပေးလုပ်ငန်းတစ်ရပ် ဖြစ်ပါသည်။ စာတွေ့နှင့်လက်တွေ့ကို ဟန်ချက်ညီစွာ ပေါင်းစပ်ထားသည့်စွမ်းရည်အခြေပြု (Competency-based Education)ကိုအခြေခံ၍ သင်ကြားရေးစနစ်များကို အဆင့်မြှင့်တင်ရမည်ဖြစ်သကဲ့သို့ ပုံစံတူအခြေပြု သင်ယူခြင်း (Simulation-based Learning)၊ နည်းပညာအခြေပြုသင်ယူခြင်း (Digital Learning) နှင့် သက်သေအထောက်အထား အခြေပြုလက်တွေ့ သူနာပြုစောင့်ရှောက်မှု (Evidence-based Nursing Practice) တို့ကို ပညာရေးလုပ်ငန်းစဉ်များတွင် ပိုမိုထည့်သွင်းဆောင်ရွက်ရပါမည်။ ထိုမှတစ်ဆင့် နိုင်ငံတကာအဆင့်မီ သူနာပြုနှင့် သားဖွားပညာရှင်များ မွေးထုတ်ပေးနိုင်သော အခြေခံအုတ်မြစ်ဖြစ်လာမည်ဖြစ်ပါသည်။

ထို့ကြောင့် သူနာပြု-သားဖွားဒီပလိုမာ သုံးနှစ်သင်တန်းနှင့် ဘက်စုံသားဖွားဒီပလိုမာ နှစ်နှစ်သင်တန်းသည် အမျိုးသားပညာရေးအဆင့်မူဘောင်အရ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ တက်ရောက်ရသည့် အဆင့်မြင့်ဒီပလိုမာသင်တန်းများဖြစ်ခြင်း၊ သူနာပြုပညာရေး အခွင့်အလမ်းများ အနေဖြင့် ပြည်တွင်း၊ ပြည်ပတက္ကသိုလ်များမှ သူနာပြုပါရဂူဘွဲ့အဆင့်ထိ အဆင့်ဆင့်တက်လှမ်းသင်ယူနိုင်ခြင်း၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီမှ နိုင်ငံတကာအသိအမှတ်ပြုစံနှုန်း ရှစ်ခုပါဝင်သော သူနာပြုနှင့် သားဖွားပညာရေးနှင့် လုပ်ငန်းအရည်အသွေးအာမခံမှု အသိအမှတ်ပြုလက်မှတ်ရရှိထားခြင်းစသည့် ခေတ်အဆက်ဆက် သူနာပြုပညာရေး ဖွံ့ဖြိုးတိုးတက်လာမှုများနှင့် လိုက်လျောညီထွေစွာ နိုင်ငံတော်က သူနာပြုသိပ္ပံများအဖြစ် အဆင့်မြှင့်တင်ပေးခြင်း ဖြစ်ပါသည်။

အဆိုပါ သူနာပြုသိပ္ပံ ၁၅ ခုအပြင် ကျန်ရှိနေသည့် သူနာပြု၊ သားဖွား၊ နှီးနွယ်သင်တန်းကျောင်း ၂၇ ကျောင်းကို နိုင်ငံတော်အစိုးရအဖွဲ့သစ်ရက် ၁၀၀ အတွင်း ဦးစားပေးအနေဖြင့် ဖွဲ့စည်းပုံတိုးမြှင့်ပေးခဲ့ခြင်းသည်လည်း တစ်နည်းအားဖြင့် သူနာပြုနှင့် သားဖွားပညာရေးအရည်အသွေးကို မြှင့်တင်ပေးခြင်းပင် ဖြစ်ပါသည်။

ဒုတိယအနေဖြင့် **"စဉ်ဆက်မပြတ် အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးတိုးတက်ရေး"** (Continuing Professional Development)ကို အားကောင်းစွာ အကောင်အထည်ဖော်ရန်လိုအပ်ပါသည်။ဆေးဘက်ဆိုင်ရာ နည်းပညာနှင့် ကုသရေးစံနှုန်းများသည် အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲနေသည့်အတွက် သူနာပြုနှင့် သားဖွားများ၏ အသိပညာနှင့် ကျွမ်းကျင်မှုများကိုလည်း စဉ်ဆက်မပြတ် မြှင့်တင်ပေးရမည် ဖြစ်ပါသည်။

သူနာပြုနှင့် သားဖွားပညာရေး၏ သမိုင်းကြောင်းအရ မြန်မာ့အက်ဥပဒေ(၁၀) (Burma Act X. 1922) ကို ၁၉၂၂ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး သားဖွားနှင့်သူနာပြုဆိုင်ရာကောင်စီဖွဲ့စည်းခြင်း၊ သားဖွားနှင့် သူနာပြုပညာရပ်ဆိုင်ရာ သင်တန်းများနှင့် သင်တန်းကျောင်းများကို အသိအမှတ်ပြုခြင်း၊ သူနာပြုနှင့်သားဖွားများအား မှတ်ပုံတင်ခြင်းနှင့် အရည်အသွေးထိန်းချုပ်ခြင်းတို့ကို စတင်ဆောင်ရွက်ခဲ့ကြောင်း သိရှိနိုင်ပါသည်။



ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သူနာပြုသိပ္ပံ(နေပြည်တော်)။

၁၉၈၆ ခုနှစ်မတိုင်မီ အတွင်းလူနာပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ ဆေးရုံဗဟိုပြုသင်ကြားရေးနည်းစနစ်မှ အဆင့်ဆင့်ပြောင်းလဲလာပြီးနောက် ၁၉၉၁ ခုနှစ်၌ သင်ရိုးညွှန်းတမ်းကို ပြည်သူလူထုဗဟိုပြုသည့်စနစ်သို့ ပြင်ဆင်ပြောင်းလဲနိုင်ခဲ့ပါသည်။ ထိုမှတစ်ဆင့် ၂၀၁၈ ခုနှစ်တွင် ရလဒ်အခြေပြု သင်ရိုးညွှန်းတမ်းများဖြင့် ခေတ်နှင့်လျော်ညီစွာ သင်ကြားလေ့ကျင့်ပေးနိုင်ခြင်းသည် သူနာပြုနှင့် သားဖွားများ၏ စဉ်ဆက်မပြတ် အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးတိုးတက်လာသည့် ဂုဏ်ယူစရာ သမိုင်းမှတ်တိုင်များ ဖြစ်ကြပါသည်။

ထို့ပြင်မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီသည် သူနာပြုနှင့်သားဖွားများ၏ အရည်အသွေးကို ခေတ်စနစ်နှင့်အညီ မြှင့်တင်ရန်အတွက် ယခင်ကျင့်သုံးခဲ့သော စဉ်ဆက်မပြတ်ပညာရေး(CNE) အဆင့်မှသည် ပိုမိုကျယ်ပြန့်ပြီး အလုံးစုံလွှမ်းခြုံနိုင်သော စဉ်ဆက်မပြတ် အသက်မွေးဝမ်းကျောင်း တိုးတက်ပြောင်းလဲမှုလုပ်ငန်းစဉ် (Continuing Professional Development – CPD)စနစ်သို့အဆင့်မြှင့်တင်၍ တက်ကြွစွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံမှ သူနာပြုနှင့် သားဖွားများအား မိမိတို့၏ လုပ်ငန်းခွင်သက်တမ်းတစ်လျှောက် ပညာရပ်ပိုင်းဆိုင်ရာကို ခေတ်နှင့်လျော်ညီစေရန် (Up-to-date ဖြစ်စေရန်)နှင့် ပြည်သူလူထုအား ကမ္ဘာ့အဆင့်မီ စံနှုန်းမြင့်မားပြီး ဘေးကင်းစိတ်ချရသော ပြုစုစောင့်ရှောက်မှု (Safe and Quality Care) ပေးနိုင်ရန် ထိန်းကျောင်းပေးနေခြင်း ဖြစ်ပါသည်။

တတိယအနေဖြင့် **"သူနာပြုနှင့် သားဖွား ခေါင်းဆောင်မှု"** (Nursing Leadership)ကို မြှင့်တင်ပေးရမည်ဖြစ်ပါသည်။ ခေတ်သစ်ကျန်းမာရေးစနစ်တွင် သူနာပြုနှင့်သားဖွားများသည် ကျန်းမာရေးဆိုင်ရာ မူဝါဒချမှတ်ရေး၊ အရည်အသွေးစီမံခန့်ခွဲရေး၊ သုတေသနနှင့် အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ဦးဆောင်နိုင်သည့် ခေါင်းဆောင်များအဖြစ် ဖွံ့ဖြိုးလာရန် လိုအပ်လာပါသည်။ အနာဂတ်သူနာပြုနှင့် သားဖွားခေါင်းဆောင်များအား စနစ်တကျပြုစုပျိုးထောင်ခြင်းသည် နိုင်ငံတော်အတွက် ရေရှည်အကျိုးဖြစ်ထွန်းစေမည့် ရင်းနှီးမြှုပ်နှံမှုတစ်ရပ်ဖြစ်ပါသည်။



တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုရှိ သူနာပြုသိပ္ပံများ။

နိုင်ငံတကာအသိအမှတ်ပြု ဖလောရင့်နိုက်တင်ဂေးလ်ဆုရရှိထားသည့် မြန်မာနိုင်ငံမှ သူနာပြုနှင့် သားဖွား လေးဦးအား ၂၀၂၃ ခုနှစ်တွင် ဝန်ထမ်းကျောင်းထင်ကဲ့သို့လည်းကောင်း၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥက္ကဋ္ဌအား ၂၀၂၅ ခုနှစ်တွင် သိပ္ပံကျော်စွာဘွဲ့ကိုလည်းကောင်း၊ ဂုဏ်ပြုထိုက်သော သူနာပြုနှင့်သားဖွားများအား စွမ်းဆောင်မှုဆိုင်ရာ အလိုက် နိုင်ငံတော်အဆင့် ဂုဏ်ထူးဆောင်တံဆိပ်များကိုလည်းကောင်း နိုင်ငံတော်က ထိုက်တန်စွာ ချီးမြှင့်ပေးလျက်ရှိပါသည်။ အဆိုပါ သူနာပြုနှင့် သားဖွားများအား စံနမူနာထားပြီး ထူးချွန်ထက်မြက်၍ ပြည်သူအတွက် စွန့်လွှတ်အနစ်နာခံနိုင်ကြသော၊

> **"သုတေသနနှင့် ဆန်းသစ်တီထွင်မှုဖြင့် လက်တွေ့လုပ်ငန်းခွင်တွင် တွေ့ကြုံရသော အခက်အခဲများကို သက်သေအထောက်အထားအခြေပြု ဖြေရှင်းနိုင်သည့် ယဉ်ကျေးမှုတစ်ရပ်ကို တည်ဆောက်နိုင်မှသာ ကျန်းမာရေးစောင့်ရှောက်မှုများ၏ အရည်အသွေးကို ပိုမိုမြှင့်တင်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် သုတေသနများ ပြုလုပ်နိုင်ပြီး သုတေသနရလဒ်များကို လက်တွေ့တွင်အသုံးချနိုင်သည့် သူနာပြုနှင့် သားဖွားစွမ်းအားစုကို ပိုမိုမွေးထုတ်ပေးခြင်းသည် အနာဂတ်အတွက် မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံမှုပင်ဖြစ်"**

နည်းပညာ (Artificial Intelligence)၊ Big Data နှင့် ဒစ်ဂျစ်တယ်နည်းပညာဖြင့် သူနာပြုစုမှုမှတ်တမ်းတင်ခြင်း (Digital Nursing Documentation) တို့ကို အသုံးပြုနိုင်သည့် သူနာပြုနှင့် သားဖွားစွမ်းအားစုကို တည်ဆောက်နိုင်ရန် လိုအပ်လာပြီ ဖြစ်ပါသည်။

မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ၏ (CPD) လှုပ်ရှားမှုများတွင် ဤဒစ်ဂျစ်တယ်စွမ်းရည်မြှင့်တင်မှုကို ပူးတွဲဖော်ဆောင်ခြင်းဖြင့် အနာဂတ် မြန်မာ့သူနာပြုနှင့်သားဖွားများသည် ခေတ်မီနည်းပညာကိုအသုံးပြု၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါသည်။

တစ်ချိန်တည်းမှာပင် သူနာပြုနှင့် သားဖွားများ၏ လုပ်ငန်းခွင်ပတ်ဝန်းကျင်ကောင်းမွန်ရေး၊ လုပ်ငန်းခွင်လုံခြုံရေး၊ စိတ်ကျန်းမာရေးနှင့် လူမှုဖူလုံရေးတို့ကိုလည်း အလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်။ လုံခြုံပြီး ဂုဏ်သိက္ခာရှိသော လုပ်ငန်းခွင်သည် အရည်အသွေးပြည့်ဝသော သူနာပြုနှင့် သားဖွားများအား ရေရှည်ထိန်းသိမ်းထားနိုင်သည့် အခြေခံအချက်တစ်ချက်ဖြစ်ပြီး ကျန်းမာရေးစနစ်၏ တည်ငြိမ်မှုကိုလည်း အထောက်အကူပြုစေမည် ဖြစ်ပါသည်။

ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းသူနာပြုများအတွက်လည်း ထမ်းဆောင်ရသည့်တာဝန်များနှင့် တိုးတက်လာသော သူနာပြုပညာရေးအပေါ်မူတည်ပြီး ချီးမြှင့်ပေးခြင်း၊ ရာထူးအဆင့်အလိုက် လစာတိုးမြှင့်ပေးခြင်း၊ ထပ်ဆောင်းချီးမြှင့်ငွေများ ပုံပိုးပေးခြင်းတို့ကို ဆောင်ရွက်ပေးနေခြင်းသည် နိုင်ငံတော်အတွက် လိုအပ်နေသည့် **"ကျန်းမာရေးစွမ်းအားစု အဆောက်အအုံ"** တောင့်တင်းခိုင်မာအောင် အုတ်မြစ်ချ ဆောင်ရွက်ပေးနေသည်ကို တွေ့မြင်ကြရမည် ဖြစ်ပါသည်။

အနာဂတ်ကျန်းမာရေးစနစ်ကို ဦးဆောင်မည့် သူနာပြုနှင့်သားဖွားစွမ်းအားစု၏ မျှော်မှန်းချက်

သူနာပြုနှင့် သားဖွားစွမ်းအားစု တည်ဆောက်ရေးသည် ပညာရေး၊ လူစွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှု၊ နည်းပညာ၊ သုတေသန၊ ခေါင်းဆောင်မှုနှင့် မူဝါဒများကို တစ်ပြိုင်တည်းပေါင်းစပ်အကောင်အထည်ဖော်မှသည့် အမျိုးသားအဆင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။ ထိုသို့စနစ်တကျ ရင်းနှီးမြှုပ်နှံတည်ဆောက်ထားသော သူနာပြုနှင့် သားဖွားစွမ်းအားစုသည် ကျန်းမာရေးစနစ်၏ ရည်မှန်းချက်ဖြစ်သည့် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်း ရောဂါဘယကင်းရှင်းရေးတို့ကို အောင်မြင်အောင် ဆောင်ရွက်၍ ပြည်သူ့ဗဟိုပြု၊ အရည်အသွေးမြင့်မားပြီး ရေရှည်တည်တံ့သော လူတိုင်းလက်လှမ်းမီ ရယူနိုင်သည့် မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ခိုင်မာစွာ ပံ့ပိုးပေးနိုင်မည် ဖြစ်ပါသည်။

စာမျက်နှာ ၁၂ သို့ ⊙

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေး လဟယ်မြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

မုံရွာ ဇူလိုင် ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးသည် ယနေ့နံနက် ပိုင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသ ခန္ဓီး-ဆင်သေ-လဟယ် ကားလမ်းရှိ ထိန်ညိုတောင်ရှခင်းသာနှင့် ရိုးရာအဆောက်အအုံ တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ခန္ဓီး - ဆင်သေ - လဟယ် ကားလမ်းပေါ်ရှိ မိုင်တိုင် အမှတ်-၇၃-၇၄ ကီလိုမီတာ အကြားရှိ ယာယီမြေထိန်းနံရံ နိမ့်ဆင်းသွားမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ များ မှာကြားသည်။

ယင်းနောက် လဟယ်မြို့နယ်ရှိ ပေါ့ထိုက် ချောင်းပေါ်တွင် ပေါ့ထိုက် အသေးစားရေအား လျှပ်စစ်လုပ်ငန်း ဆောင်ရွက်နေမှု၊ တောင်သူ ဦးဘယောင်ကိုင်းကီ၏



စိုက်ခင်းတွင် တောင်ယာမိုးစပါး များ စိုက်ပျိုးထားရှိမှု၊ လဟယ်မြို့ ရှိ ကြေးတိုင်ပြင်ကွင်းအတွင်း မြို့နယ်အဆင့် ဌာနဆိုင်ရာရုံး အဆောက်အအုံများနှင့် ရိုးရာကွင်း ဆောင်ရွက်မည့် အခြေအနေ၊ မြို့တော်ခန်းမ တည်ဆောက်မည့် မြေနေရာ၊ မိုးဒါန်းရေကန် အဆင့် မြှင့်တင်ဆောင်ရွက်မှု အခြေအနေ ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုး ရေးဦးစီးဌာနက ရွှေပြောင်း တောင်ယာစနစ် လျော့ချရေး အတွက် နှစ်ရှည်သီးနှံ ကော်ဖီပင် များ၊ လက်ဖက်ပျိုးပင်များ စိုက်ပျိုး ထားမှုကို ကြည့်ရှုအားပေးပြီး ဒေသခံ တိုင်းရင်းသား တောင်သူ များထံ ကော်ဖီပင်များ၊ လက်ဖက် ပင်များနှင့် မျိုးစေ့များကို ပေးအပ် ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး ဆွေးနွေး

ရန်ကုန် ဇူလိုင် ၁၉

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အခွန် ဦးစီးဌာနမှူးရုံး၌ ဝင်ငွေကြေညာလွှာတင်သွင်းခြင်းနှင့် အခွန်ပြေစာ အမှတ်တံဆိပ်အကြောင်း သိကောင်းစရာများအပေါ် ရှင်းလင်းဆွေးနွေး ပွဲကို ယမန်နေ့က ပြုလုပ်သည်။

ထိုသို့ပြုလုပ်ရာတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အခွန်ဦးစီး မှူး ဒေါ်သီသီခိုင်နှင့် မြို့နယ်အခွန်ကောက်ခံမှု အထောက်အကူပြု အဖွဲ့ဝင်များ၊ အခွန်ထမ်းပြည်သူများဖြင့် ရှင်းလင်းဆွေးနွေးကြပြီး အခွန်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ ကြောင်း သိရသည်။

မြင့်မြင့်ရီ



မင်းဘူး(စကု)မြို့နယ်၌ ဝါစိုက်တောင်သူများအတွက် မျိုးနှင့်သွင်းအားစုများ ပေးအပ်



မင်းဘူး ဇူလိုင် ၁၉

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ်၌ ဝါစိုက်ပျိုးမည့် သမဝါယမအသင်းသား တောင်သူ များ သီးနှံစိုက်ပျိုးချိန် အထောက် အကူပြုစေရန်အတွက် မျိုးနှင့် သွင်းအားစုများ ပေးအပ်ခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ် သမဝါယမ အသင်းစုရုံး၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မေလတ်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် လူမှုစီးပွား မြှင့်တင်ရေး (သက်တံ့ရောင်) စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် သီးကုန်း ကျေးရွာမှ အသင်းသားတောင်သူ များအား မျိုးနှင့်သွင်းအားစုများ ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တာဝန်ရှိ သူများက သီးကုန်းမွေးမြူရေးနှင့် အထွေထွေ သမဝါယမအသင်းသား တောင်သူ ၃၃ ဦးအား ဝါသီးနှံ ၆၅ ဧကအတွက် ငွေကျပ် ၁၅၃၄၀၀၀၀ နှင့်ညီမျှသော မျိုး နှင့် သွင်းအားစုများကို တောင်သူ လက်ဝယ်သို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)

ရေကြည်မြို့နယ်၌ ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေး ကွင်းဆင်းကြည့်ရှု

ရေကြည် ဇူလိုင် ၁၉

ဧရာဝတီ တိုင်းဒေသကြီး ရေကြည်မြို့နယ် ညောင်ဦကျေးရွာ အိမ်ခြေ ၃၆ လုံး၊ ရွာမြေဧရိယာ ၅ ဒသမ ၁၁၄ ဧကအား မြေငှား ဂရန်များ အမြန်ဆုံးထုတ်ပေးနိုင် ရေး မြေပြင်ကွင်းဆင်းစစ်ဆေး ခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ကြည့်ရှုစစ်ဆေး

ထိုသို့ ဆောင်ရွက်ရာတွင် ကျေပျော်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျေးရွာ ပြည်သူများ လက်ဝယ်သို့ မြေငှား ဂရန်များ စနစ်တကျနှင့် အမြန်ဆုံး ထုတ်ပေးနိုင်ရေးအတွက် ကျေးရွာ မြေငှားဂရန် ထုတ်ပေးမည့် အိမ်ခြေများအား စစ်ဆေးနေသည့် လုပ်ငန်းစဉ်များကို အသေးစိတ် လှည့်လည်ကြည့်ရှု စစ်ဆေးပြီး အမှန်တကယ် နေထိုင်ပိုင်ဆိုင်မှု နှင့် သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ/မရှိတို့ကို တစ်အိမ် တက်ဆင်း စစ်ဆေးမေးမြန်းခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

✪ စာမျက်နှာ ၁၁ မှ

ထို့ကြောင့်ပင် သူနာပြုနှင့် သားဖွားပညာရေးသည် စာသင်ခန်းအတွင်း သင်ကြားပေးခြင်းကို ကျော်လွှန်၍ ဝေဖန်ပိုင်းခြားတွေးခေါ်နိုင်မှု၊ ဆုံးဖြတ် ချက်ချနိုင်မှု၊ သုတေသနစွမ်းရည်၊ ဆက်သွယ်ရေး ကျွမ်းကျင်မှု၊ အဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်နိုင်မှု နှင့် အကျင့်စာရိတ္တခိုင်မာမှုတို့ဖြင့် တစ်ပြိုင်တည်း ပြုစုပျိုးထောင်ပေးနေပြီဖြစ်ပါသည်။ အရည်အသွေး မြင့် သူနာပြုနှင့် သားဖွားများသည် ခေတ်မီတိုးတက် နေသည့် ပညာရပ်များကို ကျွမ်းကျင်ရမည့်အပြင် လူသားများ၏ဂုဏ်သိက္ခာနှင့် လူသားချင်းစာနာမှုကို အမြဲဦးစားပေးသည့် ပညာရှင်များအဖြစ် ဖွံ့ဖြိုး လာရမည်ဖြစ်ပါသည်။

ထို့ပြင် သုတေသနနှင့် ဆန်းသစ်တီထွင်မှုဖြင့် လက်တွေ့လုပ်ငန်းခွင်တွင် တွေ့ကြုံရသော အခက် အခဲများကို သက်သေအထောက်အထား အခြေပြု ဖြေရှင်းနိုင်သည့် ယဉ်ကျေးမှုတစ်ရပ်ကို တည်ဆောက် နိုင်မှသာ ကျန်းမာရေးစောင့်ရှောက်မှုများ၏ အရည် အသွေးကို ပိုမိုမြင့်တင်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် သုတေသနများ ပြုလုပ်နိုင်ပြီး သုတေသနရလဒ်များ ကို လက်တွေ့တွင်အသုံးချနိုင်သည့် သူနာပြုနှင့် သားဖွားစွမ်းအားစုကို ပိုမိုမွေးထုတ်ပေးခြင်းသည် အနာဂတ်အတွက် မဟာဗျူဟာမြောက် ရင်းနှီး မြှုပ်နှံမှုပင် ဖြစ်ပါသည်။

ခစ်ဂျစ်တယ်နည်းပညာများ တိုးတက်လာမှု သည် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပိုမိုမြန်ဆန် တိကျပြီး လက်လှမ်းမီစေသော်လည်း နည်းပညာသည် သူနာပြုနှင့် သားဖွားများ၏ လူသား ဆန်သော စောင့်ရှောက်မှုကို မည်သို့မျှအစားထိုးနိုင် မည်မဟုတ်ပါ။ လူနာတစ်ဦး၏ နာကျင်မှုကို နားလည် ပေးနိုင်ခြင်း၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ အားပေးနှစ်သိမ့် နိုင်ခြင်းနှင့် မိသားစုဝင်များနှင့် အပြန်အလှန်ယုံကြည် မှု တည်ဆောက်နိုင်ခြင်းတို့သည် မည်သည့် နည်းပညာကမျှ အစားထိုး၍မရနိုင်သည့် သူနာပြု နှင့် သားဖွားများ၏ တန်ဖိုးအရှိဆုံးသော အရည် အသွေးများ ဖြစ်ကြပါသည်။

ထို့ကြောင့် သူနာပြုနှင့် သားဖွားစွမ်းအားစုကို တည်ဆောက်ခြင်းသည် ကျန်းမာရေးကဏ္ဍအတွက် သာမဟုတ်ဘဲ နိုင်ငံတော်၏အနာဂတ်၊ ပြည်သူတို့၏ လူနေမှုဘဝနှင့် မျိုးဆက်သစ်များ၏ အရည်အသွေး ကို တည်ဆောက်ခြင်းပင်ဖြစ်ကြောင်း အလေး အနက် ယုံကြည်မိပါသည်။

မွန်မြတ်သောဂုဏ်သိက္ခာနှင့် ကျင့်ဝတ်

အချုပ်အားဖြင့်ဆိုရသော် နိုင်ငံတစ်ခု၏ ဖွံ့ဖြိုး တိုးတက်မှုကို တိုင်းတာရာတွင် ပြည်သူတို့၏ ကျန်းမာရေးအဆင့်အတန်းသည်လည်း အပါအဝင် ဖြစ်ရာ တိုင်းတာလေ့ရှိပြီး သူနာပြုနှင့် သားဖွား စွမ်းအားစုသည် အရည်အသွေးမြင့်မားသော ကျန်းမာရေးစနစ်ကို ဒေါက်တိုင်ပြုထားသည့် **ကျန်းမာ ရေးစနစ်၏ အခြေခံအုတ်မြစ်** ဖြစ်ပါသည်။ သူနာ ပြုစုခြင်းသည် ရောဂါကုသပေးခြင်းထက် လူနာနှင့် မိသားစုအပေါ် စာနာနားလည်မှု ကျန်းမာရေး အသိ ပညာပေးမှုနှင့် လူသားချင်းစာနာမှုတို့ကို အခြေခံ သည့်အတွက် **မွန်မြတ်သောဂုဏ်သိက္ခာနှင့် ကျင့်ဝတ်** ရှိသည့် သက်မွေးဝမ်းကျောင်းပညာဖြစ်ပါသည်။

ထို့ပြင် ခေတ်သစ်ကျန်းမာရေး စိန်ခေါ်မှုများနှင့် နည်းပညာပြောင်းလဲမှုများကို ကျော်လွှားနိုင်ရန် အတွက် အရည်အသွေးပြည့်ဝသော သူနာပြုနှင့် သားဖွားများအား စဉ်ဆက်မပြတ်လုံလောက်စွာ မွေးထုတ်ပေးပြီး ၎င်းတို့၏ ခေါင်းဆောင်မှုအခန်းကဏ္ဍ ကို မြှင့်တင်ပေးခြင်းသည် **မဟာဗျူဟာမြောက် ဦးစား ပေးလုပ်ငန်း**အဖြစ် ဆောင်ရွက်နေခြင်းဖြစ်ပါသည်။

သူနာပြုနှင့် သားဖွားစွမ်းအားစု တည်ဆောက် ခြင်းသည် ကျန်းမာရေးဝန်ကြီးဌာနတစ်ခုတည်း၏ တာဝန်မဟုတ်ဘဲ ပညာရေး၊ သုတေသန၊ လူမှုအဖွဲ့ အစည်းများနှင့် မိတ်ဖက်အဖွဲ့များအားလုံး ဟန်ချက် ညီညီ ပူးပေါင်းဆောင်ရွက်ရမည့် **အမျိုးသားရေး တာဝန်**တစ်ရပ် ဖြစ်ပါသည်။ "ပြည်သူလူထုအား ဗဟိုပြု၍ ကျန်းမာရေးကို တည်ဆောက်မည်၊ သူနာပြုနှင့် သားဖွားအင်အားစုအား ဗဟိုပြု၍ ကျန်းမာရေးစနစ်ကို အားကောင်းစေမည်"ဟူသော ခံယူချက်ထားရှိရန်လည်း လိုအပ်ပါမည်။

ထိုမျှမက သူနာပြုနှင့် သားဖွားတို့၏ စေတနာ၊ မေတ္တာနှင့် စာနာမှုတို့ကို မည်သည့်အဆင့်မြင့် နည်းပညာနှင့်မျှ အစားထိုး၍မရနိုင်သော **ထာဝရ တန်ဖိုးဖြစ်ခြင်း**ကိုလည်း တွေ့ရှိရမည်ဖြစ်ပါသည်။ ထို့ကြောင့် **"သူနာပြုနှင့် သားဖွားစွမ်းအားစု အဆောက်အအုံ"**ကို အမျိုးသားရေးဦးစားပေး လုပ်ငန်းတစ်ရပ်အဖြစ် အားဖြည့်တည်ဆောက်ခြင်း ဖြင့် မြန်မာနိုင်ငံ၏ အနာဂတ်ကျန်းမာရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးမည့် စုပေါင်းအင်အားဖြစ်ပါကြောင်း တင်ပြလိုက်ရပါ သည်။ ။

(မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍတွင် စွမ်းစွမ်းတမံ ကိုယ်ကျိုးစွန့်၊ အနစ်နာခံ၍ တာဝန်ထမ်းဆောင် နေကြသော သူနာပြုနှင့်သားဖွားများ အပါအဝင် ကျန်းမာရေးဝန်ထမ်းများအားလုံးကို ဤဆောင်းပါး ဖြင့် ဂုဏ်ပြုမှတ်တမံတင်လိုက်ရပါသည်။)

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF/TNLA) တို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် အထူးလိုအပ်သည်ဟု ယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ကနဉ့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများ ပြုလုပ်နိုင်ရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ကျင်းပ

ထိုသို့ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် ကမ်းလှမ်းခဲ့ရာ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး(PSLF/TNLA)နှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF/TNLA) ဒုတိယဥက္ကဋ္ဌ(၁) တားဂျုတ်ဂျား၊ အထွေထွေအုပ်ချုပ်ရေးဌာန ဌာနမှူး တားဂူးဂျား၊ မဟာမိတ်ဆက်ဆံရေးဌာန ဌာနမှူး တားမိုးဟိန်း၊ အဖွဲ့ဝင်များဖြစ်ကြသည့် တားမိုင်းမိုင်း၊ တားညီနောခရိုး၊ တားကူးနောတို့ ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ပြောကြားရာတွင် မိမိတို့ယခုတွေ့ဆုံဆွေးနွေးမှုသည် နေပြည်တော်၌ ပထမဆုံးဖြစ်ကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကို ရရှေးရှေးပြီး ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးတို့ကို အဓိကထား ဆွေးနွေးပေးစေလိုကြောင်း၊ တအာင်းပလောင်ဒေသရှိ ပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စတို့အား ပေါင်းစပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ရွေးကောက်ခံအစိုးရပေါ်ပေါက်လာဖြို့ဖြစ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးများကိုလည်း ဆောင်ရွက်နိုင်ဖြို့ဖြစ်ကြောင်း၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ပေါင်းစပ်ဆောင်ရွက်နိုင်သည်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF/TNLA) ဒုတိယဥက္ကဋ္ဌ(၁) တားဂျုတ်ဂျားက ငြိမ်းချမ်းရေး ဖိတ်ခေါ်ဆွေးနွေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လွတ်လပ်ပြီး ကြိုတင်ကနဉ့်သတ်ချက်များ မထားဘဲ ဖိတ်ခေါ်သည့်အတွက် များစွာအားရပါကြောင်း၊ လက်ရှိတွင် တိုက်ပွဲများရပ်တန့်ပြီး ပြည်သူလူထုမှာလည်း အေးချမ်းမှုစတင်ရလာပြီဖြစ်ကြောင်းနှင့် ယနေ့ဆွေးနွေးပွဲမှ အပြုသဘောဆောင်သည့် ကောင်းမွန်သောရလဒ်များ ထွက်ပေါ်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက နိုင်ငံတော်သမ္မတနှင့် ညှိနှိုင်းရေးကော်မတီတို့၏ ရက် ၁၀၀ ငြိမ်းချမ်းရေးကြိုးပမ်းမှု အစီအစဉ်ကို ပူးပေါင်းဆောင်ရွက်ရေး၊ ဟိုင်ဂင်သဘောတူညီချက်ကို လေးစားလိုက်နာရေး၊ သဘောတူထားသည့်အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ မိမိတို့ဒေသအတွင်း ပြည်သူလူထု၏ လူမှုဘဝသက်သာချောင်ချိရေး၊ နိုင်ငံတော်ငြိမ်းချမ်းရေးကို ရှေးရှုပြီး နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် အဖြေရှာနိုင်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် ရပ်တည်ဝျက်ရှိသည့်ကိစ္စများနှင့် ပညာရေး၊ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေး၊ လမ်းပန်းဆက်သွယ်ရေးတို့နှင့် ပတ်သက်၍ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှတစ်ဆင့် နိုင်ငံရေးဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးအား ဖော်ဆောင်နိုင်ရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့် PSLF/TNLA နှင့် ယခင်တွေ့ဆုံဆွေးနွေးမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နှစ်ဖက်ဆွေးနွေးချက်များအပေါ်မှတ်တမ်းတင်နိုင်ရန်ညှိနှိုင်းပြီး မှတ်တမ်းအား လက်မှတ်ရေးထိုး အတည်ပြုကြသည်။

ယင်းနောက် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF/TNLA) ဒုတိယဥက္ကဋ္ဌ(၁) တားဂျုတ်ဂျားက ကျေးဇူးတင်စကား ပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကာ အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်၍ ဆွေးနွေးပွဲကို ရှုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်





ပဲခူးမြို့နယ်၌ တိုင်းရင်းဆေးဝါးများဖြင့် ကွင်းဆင်းကုသခြင်းများ ဆောင်ရွက်

ပဲခူး ဇူလိုင် ၁၉

ပြည်သူလူထုအား ပဲခူးတိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာန ခုတင် (၅၀) ဆုံ တိုင်းရင်းဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ခွဲ)နှင့် ဒေဝယက္ခတိုင်းရင်းဆေးလုပ်ငန်းတို့က တိုင်းရင်းဆေးဝါးများဖြင့် ကွင်းဆင်းကုသခြင်းကို ပဲခူးမြို့နယ် ကျောက်တန်းကျေးရွာ ပန်းပျိုးလက်ဘုန်းတော်ကြီးသင် စာသင်ကျောင်း၌ ယနေ့နံနက် ၉ နာရီက ဆောင်ရွက်သည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာနမှူး ဒေါ်သိန်းသိန်းဦးက အမှာစကားပြောကြားသည်။

ထို့နောက် ပဲခူးမြို့ ခုတင် (၅၀) ဆုံ တိုင်းရင်းဆေးရုံမှ ဆေးရုံအုပ်ဦးဆောင်သည့် ကွင်းဆင်းဆေးကုသရေးအဖွဲ့က လာရောက်ပြသသောပြည်သူများအား တစ်ဦးချင်းအလိုက် ရောဂါစစ်ဆေးခြင်းများ ဆောင်ရွက်ကာ တိုင်းရင်းဆေးအခမဲ့ကုသခြင်း၊ ဆေးဝါး အခမဲ့ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

လှည်းကူးမြို့နယ်၌ သန့်ရှင်းသာယာလှပရေးနှင့် တရားဥပဒေစိုးမိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

ရန်ကုန် ဇူလိုင် ၁၉

လှည်းကူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လွတ်တော်ကိုယ်စားလှယ်များ၊ ပညာရှင်များနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ မြို့နယ်သန့်ရှင်းသာယာလှပရေးနှင့် တရားဥပဒေစိုးမိုးရေး ပြည်သူ့စကားဝိုင်းကို ယမန်နေ့ နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး လွတ်တော် ကိုယ်စားလှယ် ဦးအောင်မျိုးနိုင်က အမှာစကား ပြောကြားသည်။



ဆက်လက်၍ တိုင်းဒေသကြီး လွတ်တော် ကိုယ်စားလှယ် ဦးကျော်မင်းထွန်းက ဦးဆောင်ဆွေးနွေးပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းနောင်၊ မြို့နယ်ဥပဒေရုံးမှ ဒုတိယမြို့နယ် ဥပဒေအရာရှိ ဒေါ်မိုမိုလွင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး ဦးမင်းဇော်ထွန်း၊ မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှူးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်ခန့်ဝေတို့က ရပ်ရွာသန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ ပြည်သူများ အေးချမ်းစွာနေထိုင်ရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးစသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသော ပြည်သူများက မိမိတို့ရပ်ကွက်အတွင်း လုပ်ဆောင်ပေးနေမှုများကို ပြောကြားခဲ့ကြောင်း သိရသည်။

အိမ်ရွှေစင်လတ်

သာပေါင်းမြို့နယ်၌ ရေပြင်ကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်



သာပေါင်း ဇူလိုင် ၁၉

ရောဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် အမှတ်(၂) ရပ်ကွက်အနောက်ဘက်ရေပြင်တွင် ရေပြင်ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းအခမ်းအနားကို ဇူလိုင် ၁၈ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းဇရာထိုက်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးပြည့်ဖြိုးလှိုင် ဦးဆောင်၍ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက စက်လှေဆီမီးလောင်မှု မီးငြိမ်းသတ်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ခြင်းနှင့် ရှေ့ဦးသူနာပြုစုခြင်းနည်းစနစ်များကို ဇာတ်တိုက်လေ့ကျင့်ပြီး ရေပြင်ရှာဖွေကယ်ဆယ်ရေး သရုပ်ပြသခဲ့ကြောင်း သိရသည်။

မိုးဟိန်းထက်

သမဝါယမကဏ္ဍမှ မိုးစပါးစိုက်ပျိုးနေမှု ကွင်းဆင်းကြည့်ရှု

ဖြူး ဇူလိုင် ၁၉

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် သမဝါယမဦးစီးဌာနအနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် သမဝါယမကဏ္ဍမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ရေဆင်းပေါ်ဆန်း(၂)၊ ဧရာမင်းနှင့် ထိုင်းနံကောက်စပါးမျိုးတို့အား လူငယ်အားမာန်စိုက်ပျိုးရေးနှင့် လုပ်ငန်းစုံသမဝါယမအသင်းပိုင် စိုက်ပျိုးနိုင်သောမြေ ၅၁၂ ဧကပေါ်တွင် မိုးစပါးမျိုးစေ့ထုတ် ဧက ၁၅၀၊ စားစပါး ၃၆၂ ဧကတို့ကို စိုက်ပျိုးသွားမည်ဖြစ်သည်။

ဆက်လက်ပြီး သမဝါယမအသင်းသားတောင်သူဦးထွန်းအောင်ကျော် စိုက်ပျိုးထားသော မိုးစပါး(ထိုင်းနံကောက်) မျိုးစေ့ထုတ် ခုနှစ်ဧက စိုက်ပျိုးနေမှုကို တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု၍ စနစ်ကျသော စိုက်ပျိုးရေးဖြစ်စေရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိစေရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်



လုပ်ငန်းရှင်များနှင့် တောင်သူများအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း

စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်
စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန
စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
(ပြည်တွင်းထုတ် ဝါကြိတ်စက်(ဂျင်ခုံ)များ ဝယ်ယူနိုင်ရေးကိစ္စ)

လုပ်ငန်းရှင်များနှင့် တောင်သူများအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း

ပြည်တွင်းမှထွက်ရှိသည့် ဝါများအား အပြည့်အဝကြိတ်ခွဲနိုင်ရန်နှင့် တောင်သူများအနေဖြင့် စိုက်ပျိုးထွက်ရှိသည့် ဝါများအားတစ်ပိုင်တစ်နိုင်ကြိတ်ခွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် တို့အတွက် ပြည်တွင်းမှထုတ်လုပ်ထားရှိသည့် ဝါကြိတ်စက်များအား အထူးချေးငွေအစီအစဉ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊
ဖုန်း- ၀၆၇-၃၄၀၀၃၉၅၊ ၀၉-၄၀၁၂၄၄၉၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

ဆီစက်လုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း

စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်
စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန
စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
(ချေးငွေအဆိုပြုလွှာများ လျှောက်ထားခြင်းကိစ္စ)

ဆီစက်လုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း

ပြည်တွင်းဆီစက်များ အဆင့်မြှင့်တင်နိုင်ရန်နှင့် လိုအပ်သောစက်ပစ္စည်းများ ဖြည့်ဆည်းနိုင်ရန် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ ချေးငွေအဆိုပြုလွှာများကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်)/တိုင်းဒေသကြီး/ ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးခွဲများသို့ ပေးပို့လျှောက်ထားနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊
ဖုန်း- ၀၆၇-၃၄၀၀၃၉၅၊ ၀၉-၄၀၁၂၄၄၉၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

ဝါလုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း

စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်
စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန
စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
(ချေးငွေအဆိုပြုလွှာများ လျှောက်ထားခြင်းကိစ္စ)

ဝါလုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး(MSME) ရန်ပုံငွေမှ ချေးငွေများထုတ်ချေးပေးလျက်ရှိရာ ပြည်တွင်းရှိ ဝါလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝါစေ့ဆီထုတ်စက်များ၊ ချည်မျှင်ထုတ်လုပ်မည့်စက်များတည်ထောင်ရန်နှင့် တိုးချဲ့တပ်ဆင်နိုင်ရန် ချေးငွေများလျှောက်ထားနိုင်ပါကြောင်းနှင့် ချေးငွေအဆိုပြုလွှာများကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်)/ တိုင်းဒေသကြီး/ ပြည်နယ် MSME အေဂျင်စီရုံးများသို့ ပေးပို့လျှောက်ထားနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊
ဖုန်း- ၀၆၇-၃၄၀၀၃၉၅၊ ၀၉-၄၀၁၂၄၄၉၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း

စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်
စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန
စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
(စက်အရန်ပစ္စည်းများနှင့်စက်ကိရိယာပစ္စည်းများ တင်သွင်းခွင့်ရရှိရေး ထောက်ခံချက်ကိစ္စ)

ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း

ပုဂ္ဂလိကစက်မှုလုပ်ငန်းများအနေဖြင့် ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရန် အမှန်တကယ်လိုအပ်သည့် စက်အရန်ပစ္စည်းများနှင့် စက်ကိရိယာပစ္စည်းများ တင်သွင်းခွင့်ရရှိရေးအတွက် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)/တိုင်းဒေသကြီး/ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနသို့ ထောက်ခံချက်များကို လာရောက်လျှောက်ထားနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊
ဖုန်း- ၀၆၇-၃၄၀၀၃၉၅၊ ၀၉-၄၂၃၆၆၀၉၈၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

ဘရူနိုင်းနိုင်ငံ၌ ရင်သပ်ရှုမောဖွယ်ကောင်းသော ဒရုန်းပြသမှုတစ်ခု ပြုလုပ်

ဘန်ဒါဆရီဘီဂါဝမ် ဇူလိုင် ၁၉

ဘရူနိုင်းနိုင်ငံ ဘီလိတ်ခရိုင်တွင် ယမန်နေ့က ရင်သပ်ရှုမောဖွယ်ကောင်းသော ဒရုန်းပြသမှုတစ်ခုကို ပြုလုပ်ခဲ့ရာ လူပေါင်းရာနှင့်ချီ၍ လာရောက်ကြည့်ရှုခဲ့ကြသည်။

အဆိုပါပွဲကို "Imagine Drone Show Tour" ၏ တရားဝင်စတင်ခြင်း အထိမ်းအမှတ်အဖြစ် ပြုလုပ်ခြင်းဖြစ်သည်။ ဒရုန်းအလှပြသပွဲကို ဘရူနိုင်းနိုင်ငံ၏ အခြားခရိုင်များတွင်လည်း ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ ဒရုန်းပြသမှုကို ဘရူနိုင်းနိုင်ငံဆိုင်ရာ တရုတ်သံရုံးနှင့် Hengyi Industries တို့ ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်သည်။

နည်းပညာ၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် ဒေသတွင်း အနုပညာဖျော်ဖြေတင်ဆက်မှုများကို ပေါင်းစပ်ခြင်းနှင့်အတူ ဘရူနိုင်းနိုင်ငံ၏ ကြွယ်ဝသော ယဉ်ကျေးမှုအမွေအနှစ်များကို ပြသခြင်းဖြင့် စည်းလုံးညီညွတ်မှုကို မြှင့်တင်ရန်ရည်ရွယ်ပြီး အဆိုပါ ဒရုန်းပြသပွဲကို ကျင်းပခြင်းဖြစ်ကြောင်း စီစဉ်သူများက ပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် အင်ဒိုနီးရှားစီးပွားရေးဝန်ကြီး တွေ့ဆုံ

ရွန်ဟိုင်း ဇူလိုင် ၁၉



တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီသည် အင်ဒိုနီးရှားနိုင်ငံ စီးပွားရေးဝန်ကြီး အဲလန်ဂါဟာတာတို့နှင့် တရုတ်နိုင်ငံ ရွန်ဟိုင်းတွင် ဇူလိုင် ၁၈ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာညီလာခံသို့ တက်ရောက်လာသည့် အဲလန်ဂါအား တရုတ်ကွန်မြူနစ်ပါတီပေါ်လစ်ဗျူရိုအဖွဲ့ဝင်လည်း ဖြစ်သည့် ဝမ်ယီက ကြိုဆိုသည့်အနေဖြင့် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခဲ့ခြင်း ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ဦးစီးတည်ထောင်သည့် နိုင်ငံ တစ်နိုင်ငံဖြစ်လာခဲ့ခြင်းသည် အင်ဒိုနီးရှားနိုင်ငံ၏ ဉာဏ်ရည်တုနည်းပညာ ပူးပေါင်းဆောင်ရွက်ရေး နယ်ပယ်တွင် အပြုသဘောဆောင်သည့် ရပ်တည်ချက်ကို ဖော်ပြနေပြီး တရုတ်နိုင်ငံအနေဖြင့်လည်း ဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်မှုကို အားလုံးပါဝင်နိုင်ပြီး ကမ္ဘာလုံးဆိုင်ရာ ဘုံအကျိုးရှိစေမည့် ဦးတည်ချက်ဖြင့် မြှင့်တင်ရန် အယူအဆတူသည့် နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် အသင့်ရှိနေကြောင်း ဝမ်ယီက ပြောကြားသည်။

တရုတ်နိုင်ငံသည် နိုင်ငံတကာနှင့် ဒေသတွင်းရေးရာများတွင် အင်ဒိုနီးရှားနှင့် ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေရေး ဆောင်ရွက်မည်ဖြစ်ပြီး ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ဩဇာလွှမ်းမိုးမှုကို သယ်ဆောင်သည့် အနာဂတ်မျှဝေသည့် တရုတ်-အင်ဒိုနီးရှား အသိုက်အဝန်းတစ်ခု တည်ဆောက်ရေးကို တွန်းအားပေးရန် ဆန္ဒရှိကြောင်း ဝမ်က ပြောကြားခဲ့သည်။

ဉာဏ်ရည်တု နည်းပညာနယ်ပယ်တွင် တရုတ်နိုင်ငံ၏ ကမ္ဘာလုံးဆိုင်ရာ ဦးဆောင်မှုအား ချီးကျူး ဂုဏ်ပြုကြောင်းနှင့် အင်ဒိုနီးရှားနိုင်ငံ အနေဖြင့် တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းများကို အင်ဒိုနီးရှားနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ကြောင်း၊ တရုတ်နိုင်ငံနှင့် စီးပွားရေးစကြံ့ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများကို အဆက်မပြတ် မြှင့်တင်ရန် မျှော်လင့်ကြောင်း အင်ဒိုနီးရှားစီးပွားရေးဝန်ကြီး အဲလန်ဂါက မှတ်ချက်ပြုပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

အဂတိလိုက်စားမှု ကင်းရှင်းစေရေး "1111" ကို ဖြေကြားပေးရန် ပြည်သူသို့ အသိပေးနှိုးဆော်ခြင်း



ပညာ ရွှေအိုး
လူမခိုး

ပညာ ရဲရင့်
ပွဲလယ်တင့်

တစ်ပတ်အတွင်း သတင်းအနှစ်ချုပ်

စာတည်းအဖွဲ့

ဇူလိုင် ၁၃ ရက်မှ ၁၉ ရက်အတွင်း ကြေးမုံသတင်းစာတွင်ဖော်ပြခဲ့သည့် သတင်းများအနက် ဒေသဖွံ့ဖြိုးရေး၊ ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ ကျန်းမာရေး၊ နိုင်ငံခြားဆက်ဆံရေး၊ စိုက်ပျိုးရေး၊ ကာကွယ်ရေး၊ လုံခြုံရေး၊ ငြိမ်းချမ်းရေး၊ သယ်ယူပို့ဆောင်ရေး၊ စွမ်းအင်၊ ဝန်ဆောင်မှု၊ ကုန်ဈေးနှုန်းထိန်းညှိရေး၊ မှုခင်းနှင့် မိုးလေဝသ စသည့် သတင်းများကိုစုစည်း၍ တစ်ပတ်အတွင်း သတင်းအနှစ်ချုပ်အဖြစ် ဖော်ပြလိုက်ပါသည်။

ဒေသဖွံ့ဖြိုးရေးကဏ္ဍ

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် မင်းဘူးမြို့ သာသနာ့ဝိမာန်၌ ဒေသခံ မြို့မိမြို့ဖများနှင့် ဇူလိုင် ၁၂ ရက်တွင် တွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲတွင် သမ္မတက မင်းဘူးမြို့အား ခရိုင်အတွင်း စံပြမြို့ဖြစ်အောင် ဖော်ဆောင်ရန်၊ KG+9 မသင်မနေရ ပညာရေးစနစ်ကို အလေးထားရန်နှင့် လူငယ်များအသိအမြင်မှန်ကန်စေရေးအတွက် စာဖတ်ရှုနိုးမြှင့်တင်ရန် တိုက်တွန်းပြောကြားခဲ့သည်။ မြို့မိမြို့ဖများဘက်မှ မြစ်ထိန်းတာပေါင်နံရံ ဆောက်လုပ်ပေးရေး၊ တိုက်နယ်ဆေးရုံ အဆောက်အအုံသစ်၊ ဆိုလာစနစ်ဖြင့် ရေပေးဝေရေးနှင့် လမ်းများအဆင့်မြှင့်တင်ပေးရေးတို့ကို တင်ပြခဲ့ကြရာ သမ္မတက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး မင်းဘူးခရိုင် အားကစားကွင်း၊ မကွေးတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်(မကွေး)တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ကုန်ထုတ်လုပ်မှုတိုးတက်ရေးကဏ္ဍ

မကွေးမြို့ မြို့တော်ခန်းမ၌ ဇူလိုင် ၁၂ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့သည့် ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ်စက်မှုလုပ်ငန်းဆီသို့ ဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဝါကွင်းဆက် တစ်လျှောက်ရှိ တောင်သူနှင့် လုပ်ငန်းရှင် ၃၀၄ ဦးတို့ တက်ရောက်ကာ မျိုးကောင်းမျိုးသန့်နှင့် သွင်းအားစုများရရှိရေး၊ စိုက်ပျိုးရေဖုလုံရေး၊ စက်ရုံများအတွက် ၂၄ နာရီ လျှပ်စစ်မီးနှင့် ရင်းနှီး မြှုပ်နှံမှုချေးငွေများ ရရှိရေးတို့ကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။ တစ်ဇက ပန်းတိုင်အထွက်နှုန်း ပိသာ ၇၀၀ ရရှိအောင် သမဝါယမစနစ်ဖြင့် စုပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ခန့် ပိုမိုရရှိစေကာ မြန်မာနိုင်ငံကို ဝါတင်ပို့ရောင်းချသည့် နိုင်ငံအဖြစ် တည်ဆောက်ရန် ရည်မှန်းချက်ထား လမ်းညွှန်ခဲ့သည်။

ကျန်းမာရေးကဏ္ဍ

ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် ကလေးဆေးရုံကြီးတို့မှ ပါမောက္ခ/အထူးကု ဆရာဝန်ကြီး ၁၂ ဦး ပါဝင်သောအဖွဲ့သည် ဇူလိုင် ၁၀ ရက်မှ ၁၂ ရက်အထိ မော်လမြိုင်ပြည်သူ့ဆေးရုံကြီးတွင် ဒေသခံပြည်သူ ၂၆၀ ကျော်ကို အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ခဲ့သည်။ ယင်းသို့ ကုသရာတွင်တွင် နှလုံး၊ ဦးနှောက်နှင့် အာရုံကြော၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါရှင်များ ပါဝင်သည်။

ထို့ပြင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ သူနာပြုသိပ္ပံ ၁၅ ကျောင်းကို ဇူလိုင် ၁၆ ရက်တွင် ကရုဏာအလင်း သူနာပြုဆီမီးဖြင့် တစ်ပြိုင်တည်းမွှင့်လှစ်ပေးခဲ့သည်။ သူနာပြုနှင့် သားဖွားပညာရေးကို အရှေ့တောင်အာရှနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ငံသည့် အရည်အသွေးဖြစ်စေရန် သင်တန်းကျောင်းများကို သိပ္ပံအဆင့်သို့ တိုးမြှင့်ပေးခဲ့ခြင်းဖြစ်သည်။

နိုင်ငံခြားဆက်ဆံရေးကဏ္ဍ

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဇူလိုင် ၁၂ ရက်တွင် ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

စိုက်ပျိုးရေးကဏ္ဍ

ပြည်တွင်းပြည်ပ ဈေးကွက်ဝယ်လိုအားကောင်းသော ရိုဘတ်စတာကော်ဖီကို ရန်ကုန်တိုင်းဒေသကြီးအတွင်း ငါးနှစ်တာစီမံကိန်းအရ သီးညှပ်သီးနှံအဖြစ် ဧက ၁၀၀၀ စိုက်ပျိုးနေကြောင်း ဇူလိုင် ၁၃ ရက် သတင်းများအရ သိရသည်။

ကာကွယ်ရေးကဏ္ဍ

နေပြည်တော် ဥတ္တရသီရိတပ်နယ်၌ ဇူလိုင် ၁၇ ရက်တွင် မြန်မာ-ရုရှား ကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များ စုပေါင်းလေ့ကျင့်ခန်း (TIGER-2026)ကို အောင်မြင်စွာပြုလုပ်ခဲ့ပြီး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တက်ရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

လုံခြုံရေးကဏ္ဍ

တပ်မတော်စစ်ကြောင်းများသည် ချင်းပြည်နယ် ထန်တလန်မြို့အတွင်းရှိ ယာယီစွန့်လွှတ်ခဲ့ရသောနေရာများကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပြီး ဇူလိုင် ၁၆ ရက်တွင် မြို့အား အလုံးစုံပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်သည်။ ၂၀၂၆ ခုနှစ် ဇွန် ၁၂ ရက်မှ စတင်ကာ စစ်ဆင်ရေးဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မြို့နယ်ရဲစခန်း၊ အခြေခံပညာကျောင်းများ၊ ပြည်သူ့ဆေးရုံနှင့် ဟိုတယ်ဇုန်နေရာများကို အဆင့်ဆင့် ပြန်လည်သိမ်းပိုက်နိုင်ခဲ့ခြင်းဖြစ်သည်။

ငြိမ်းချမ်းရေးကဏ္ဍ

ကရင်ငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့ (KPMF)နှင့် KNLA အဖွဲ့တို့မှ အဖွဲ့ဝင် အမျိုးသား ၄၁ ဦးတို့သည် လက်နက်ခဲယမ်းများနှင့်အတူ ဇူလိုင် ၁၅ ရက်တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်ခဲ့ကြသဖြင့် မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သည်။

သယ်ယူပို့ဆောင်ရေးကဏ္ဍ

ဇူလိုင်လ ၁၇ ရက်နေ့ သတင်းအရ နေပြည်တော်အတွင်း ခရီးသွားလာမှု အဆင်ပြေစေရန်အတွက် ရာဇာမင်းယာဉ်လိုင်းမှ EV ဘတ်စ်များကို တပ်ကုန်း၊ လယ်ဝေး၊ ရွာတော်နှင့် နေပြည်တော်မြို့အတွင်း လိုအပ်သောနေရာများသို့ တိုးချဲ့ပြေးဆွဲရန် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲနေသော စီးတီးတက္ကစီယာဉ်များ စနစ်တကျရှိစေရန်အတွက် "စီးတီးတက္ကစီကမဝိပိန်း"ကို သဃ်နိုးကျွန်းမြို့နယ် စံပြဈေးမှတ်တိုင်၌ ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက ပြလုပ်ခဲ့သည်။

စွမ်းအင်ကဏ္ဍ

နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုတွင် ဆိုလာဓာတ်အား စနစ်ကို သိသာစွာတိုးမြှင့်ပါဝင်လာစေရန် ရည်ရွယ်သည့် နေရောင်ခြည် စွမ်းအင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၁၅ ရက်တွင် နေပြည်တော်၌ ကျင်းပခဲ့သည်။

ဝန်ဆောင်မှုကဏ္ဍ

ဇူလိုင် ၁၇ ရက်မှစတင်ကာ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးရှိ ကညနရုံးများတွင် "ခ၊ ဂ၊ ဃ၊ င" ယာဉ်မောင်းလိုင်စင်များကို အွန်လိုင်းမှတစ်ဆင့် ရက် ၉၀ ကြိုတင်သက်တမ်းတိုးနိုင်မည်ဖြစ်ပြီး ကျသင့်ငွေများကိုလည်း Digital Payment ဖြင့် ပေးချေနိုင်မည်ဖြစ်သည်။

ဇူလိုင် ၁၆ ရက်မှစတင်၍ လူပုဂ္ဂိုလ်အမည်ဖြင့် မော်တော်ယာဉ် အမည်ပြောင်းလဲခြင်းဆိုင်ရာ အခွန်စိစစ်မှုအားလုံးကို ရုံးဌာနများသို့ ကိုယ်တိုင်လာရောက်ရန်မလိုဘဲ အွန်လိုင်းမှတစ်ဆင့် ဆောင်ရွက်နိုင်သည့် VAVS စနစ်သို့ ပြောင်းလဲကျင့်သုံးနေပြီဖြစ်သည်။

ကုန်ဈေးနှုန်းထိန်းညှိရေးကဏ္ဍ

ဇူလိုင် ၁၇ ရက်က ရန်ကုန်မြို့တွင် ကြက်ဥဈေးနှုန်း ဆက်လက်မငြိမ်တက်စေရေးအတွက် မွေးမြူရေးအဖွဲ့ချုပ်နှင့် သက်ဆိုင်ရာအစုအဖွဲ့အလိုက်တာဝန်ရှိသူများ ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ပြည်သူများ ဈေးနှုန်း သက်သာစွာ ဝယ်ယူနိုင်မည့် အစီအမံများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

မှုခင်းကဏ္ဍ

ဇူလိုင် ၂ ရက်က မော်ဘီမြို့နယ် စန္ဒကူးမြို့ငှိပ်သာကျောင်းတိုက် ဆရာတော်ကို သတ်ဖြတ်ပြီး လက်ကိုင်ဖုန်းနှင့် ငွေကြေးများ လုယက်ယူဆောင်သွားသူ တရားခံ ငါးဦးကို ဇူလိုင် ၁၁ ရက်တွင် သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရေးအတွက် မသမာသောနည်းလမ်းဖြင့် ဓာတ်အားခိုးယူသုံးစွဲမှုများကို စစ်ဆေးခဲ့ရာ ဓာတ်အားခိုးယူမှု ၃၄၀ ခုကို ဖော်ထုတ်နိုင်ခဲ့ပြီး နိုင်ငံတော်မှ နစ်နာခဲ့သည့်အတွက် လျော်ကြေးနှင့် ဒဏ်ကြေးငွေကျပ် ၆၇၄၅ သန်းကျော်ကို ပြန်လည်ကောက်ခံရရှိခဲ့သည်။

မိုးလေဝသကဏ္ဍ

ဇူလိုင် ၁၈ ရက် တိုင်းထွာချက်အရ မုတ်သုံလေအားကောင်းနေပြီး လေဖိအားနည်းရပ်ဝန်းကြောင့် ဇူလိုင် ၂၆ ရက်အတွင်း မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ရေကြီးခြင်းနှင့် မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းဖြင့်နှင့် မြစ်ချောင်းအနီး နေထိုင်သူများ သတိပြုရန် နှိုးဆော်ထားသည်။

မြိတ်မြို့နယ် ကျေးလက်နေပြည်သူများအတွက် သံကူကွန်ကရစ် တံတား တစ်စင်းနှင့် Box Culvert နှစ်စင်း ဆောင်ရွက်ပြီးစီး

မြိတ် ဇူလိုင် ၁၉



တနင်္သာရီ တိုင်းဒေသကြီး မြိတ်မြို့နယ်တွင် ကျေးလက်နေပြည်သူများ သွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် ကျေးရွာချင်းဆက်နှင့် ကျေးရွာအတွင်းလမ်းရှိ ကျောက်ကြီးစီ သံကူကွန်ကရစ် တံတား တစ်စင်းနှင့် Box Culvert နှစ်စင်းကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

ဆောင်ရွက် ပြီးစီးသည့် ရွှမ်းတောင်- စလွန်း လမ်းပေါ်ရှိ ကျောက်ကြီးစီ ကမ်းကပ်ခုံ သံကူကွန်ကရစ် တံတားတစ်စင်းနှင့် စလွန်းကျေးရွာ အဝင်လမ်းပေါ်ရှိ Box Culvert တစ်စင်းတို့ကို တိုင်းဒေသကြီး ရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ထို့အတူ ဆလင်ကျေးရွာအဝင် လမ်းပေါ်တွင် ကျောက်ကြီးစီ ကမ်းကပ်ခုံ သံကူကွန်ကရစ် ကြမ်းခင်း Box Culvert တစ်စင်းကို ပြည်ထောင်စု(ပြင်ထိန်း) ရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တည်ဆောက်ပြီးခဲ့သည့် အဆိုပါ တံတားနှင့် Box Culvert တို့ကို အသုံးပြု၍ ကျေးလက်နေပြည်သူများ သွားလာမှု လွယ်ကူအဆင်ပြေလျက်ရှိကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးကျော်စိုးနှင့် ဝန်ထမ်းများက ဇူလိုင် ၁၇ ရက်က အထက(မယ်ဇလီကန်)၌ ကျောင်းသား ကျောင်းသူများအား နိုင်ငံသား စိစစ်ရေးကတ်နှင့် UID များ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။

မြို့နယ်(ပြန်/ဆက်)



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူးဦးသန့်ဇင်ဦးဆောင်သည့် ဝန်ထမ်းများက ဇူလိုင် ၁၆ ရက်က အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူ ၉၇ ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID များကို ကွင်းဆင်းဆောင်ရွက်ပေးစဉ်။

သက်လွင်စိုး



ငွေဆောင်မြို့၌ တရုတ်အစားအစာ ချက်ပြုတ်နည်း သင်တန်းဆင်းပွဲ ကျင်းပ

ငွေဆောင် ဇူလိုင် ၁၉

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ Kunming Vocational University of Science and Technology နှင့် ဖူးကျင့်နိုင်ငံတကာဘာသာစကားသင်တန်းကျောင်းတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် တရုတ်အစားအစာချက်ပြုတ်နည်းသင်တန်းဆင်းပွဲကို ယမန်နေ့ နံနက်ပိုင်းက ငွေဆောင်မြို့ ယမုံနဦးဟိုတယ်၌ ကျင်းပသည်။

ဦးစွာ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးအောင်သူဦးက အမှာစကား ပြောကြားပြီး တရုတ်နိုင်ငံမှ သင်တန်းနည်းပြ ဆရာ Mr. Feng Jian Lin က အမှတ်တရစကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းနည်းပြဆရာများအား အမှတ်တရလက်ဆောင်နှင့် ကျေးဇူးတင်လွှာများ၊ သင်တန်းတက်ရောက် အောင်မြင်ခဲ့သော သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ ကျော်လင်းဦး(ပြန်/ဆက်)

ဘိုးဘွားပိုင်မြေနှင့် ဂရန်မြေဆိုင်ရာ မြေယာဥပဒေများနှင့်ပတ်သက်သည့် စကားပိုင်းဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၉



မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)က ကြီးမှူးကျင်းပသည့် ဘိုးဘွားပိုင်မြေနှင့် ဂရန်မြေဆိုင်ရာ မြေယာဥပဒေများနှင့် ပတ်သက်ပြီး စကားပိုင်းဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ ကမ္ဘာအေးဟိုတယ်၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း (ဗဟို)မှ ဒုတိယဥက္ကဋ္ဌ ဦးလူဟန်၊ မြန်မာအပြည်ပြည်ဆိုင်ရာ အနည်ာတ ခုံရုံးအသင်း(ရန်ကုန်တိုင်းဒေသကြီး)ဥက္ကဋ္ဌ ဦးကျူးခေါင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ အငြိမ်းစားအရာရှိ ဦးနေထက်အောင်တို့က အိမ်ခြံမြေဈေးကွက်အတွင်း ဘိုးဘွားပိုင်မြေနှင့် ပတ်သက်ပြီး အမွေဆက်ခံပိုင်ခွင့် အကြောင်းအရာများ၊ ဂရန်မြေနှင့် ပတ်သက်သည့် အကြောင်းအရာများနှင့် အငြင်းပွားဖွယ်ရာ ကိစ္စများရှိလာပါက ဥပဒေရှုထောင့်နှင့် ပတ်သက်သည့် အကြောင်းအရာများကို ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။ အောင်ကျော်

ဟင်္သာတမြို့နယ်၌ ကုန်စုံဆိုင်များနှင့် စားသုံးဆီအရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေး

ဟင်္သာတ ဇူလိုင် ၁၉



ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်၌ စားအုန်းဆီဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က ယနေ့နံနက်ပိုင်းတွင် မြို့ပေါ်ရပ်ကွက်များရှိ စားအုန်းဆီဖြန့်ဖြူးရောင်းချလျက်ရှိသော ဆိုင်များအား ရောင်းတခင် စစ်ဆေးကြသည်။

ကွင်းဆင်းစစ်ဆေး

ထိုသို့စစ်ဆေးရာတွင် မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးမိုးကျော် ဦးဆောင်၍ သက်ဆိုင်ရာအဖွဲ့ဝင်များက ဘုရားကြီးရပ်ကွက်၊ ပတ္တမြားရပ်ကွက်၊ ကနောင်စုရပ်ကွက်များအတွင်းရှိ ဆိုင်များတွင် သတ်မှတ်ရည်ညွှန်းစျေးနှင့်အညီ ရောင်းချ မှုရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ဥပဒေရေးရာအသိပညာပေး ပြည်သူ့စကားပိုင်း ကျင်းပ

ရန်ကုန် ဇူလိုင် ၁၉



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ဥပဒေအသိပညာပေး ပြည်သူ့စကားပိုင်းကို ဇူလိုင် ၁၇ ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၀၆)ရပ်ကွက် အောင်ဇေယျာသီရိမဈာရုံ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးယု၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မိုးသီဟကျော်၊ မြို့နယ်ဥပဒေအရာရှိ ဦးတေဇာကျော်၊ အမှတ်(၂၉)ယာဉ်ထိန်းရဲတပ်ဖွဲ့စု မှူးရုံး ရဲတပ်ကြပ်ကြီး သူရအောင်တို့က ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဥပဒေများ စသည့်မှုခင်းကျဆင်းရေးဆိုင်ရာများ အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။ နေမျိုးအောင်

ပျဉ်းမနားမြို့နယ်၌ ပြည်သူ့စကားပိုင်းကျင်းပ

ပျဉ်းမနား ဇူလိုင် ၁၉

ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့နယ်၌ "ကျေးလက်ဒေသ ဖွံ့ဖြိုးရေး"ခေါင်းစဉ်ဖြင့် ပြည်သူ့စကားပိုင်းကို ယမန်နေ့နံနက် ၉ နာရီက ဇီးကုန်းကျေးရွာရှိ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ(KC)၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌေး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမခန့်ခွဲရေးဦးစီးဌာန (ထိန်းသိမ်းရေး)နှင့် မြို့နယ်ကျေးလက်လမ်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၇-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	တောင်ငူ	ပုသိမ်	မြစ်ကြီးနား	စစ်ကိုင်း	ဘားအံ	မော်လမြိုင်	လားရိုး	တောင်ကြီး	ထွန်းတုံ	ဟားခါး
92 Ron	၂၂၁၀	၂၃၅၀	၂၃၁၀	၂၂၂၅	၂၃၅၅	၂၃၇၀	၂၃၆၅	၂၆၆၀	၂၆၆၀	၂၃၁၀	၂၃၄၅	၂၃၆၅	၂၃၆၅	၂၃၇၀	၂၆၆၀
95 Ron	၂၂၈၅	၂၄၂၅	၂၃၈၅	၂၃၆၀	၂၃၉၀	၂၃၇၀	၂၃၆၅	၂၆၆၀	၂၇၂၅	၂၃၈၅	၂၅၀၀	၂၄၇၀	၂၃၉၀	၂၄၄၅	၂၆၆၅
HSD (500 ppm)	၂၀၀၅	၂၃၀၅	၂၂၆၅	၂၀၉၀	၂၃၀၀	၂၃၂၅	၂၁၇၀	-	၂၅၉၅	၂၂၆၀	၂၆၆၅	၂၃၅၀	၂၃၀၀	၂၃၂၅	၂၅၉၅
HSD (50 ppm)	၂၀၆၅	၂၀၇၅	၂၅၉၀	၂၀၉၀	၂၀၆၀	၂၀၆၅	၂၀၆၀	၂၅၇၅	၂၄၀၀	၂၄၉၅	၂၅၉၅	၂၀၆၀	၂၀၆၀	၂၀၆၅	၂၂၅၅
HSD (10 ppm)	၂၀၆၅	၂၀၇၅	၂၅၉၀	၂၀၉၀	၂၀၆၀	၂၀၆၅	၂၀၆၀	၂၅၇၅		၂၄၉၅	၂၅၉၅	၂၀၆၀	၂၀၆၀	၂၀၆၅	၂၂၅၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၀၁၃	၂၁၂၇
95 Ron	၂၀၁၀၅	၂၂၀၁
HSD (500 ppm)	၂၀၀၀၆	၂၀၀၉၆
HSD (50 ppm)	၁၆၆၉၅	၁၇၂၉၉
HSD (10 ppm)	၁၆၆၉၅	၁၇၂၉၉

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများထယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၅၂ ၀၉-၆၈၀၅၉၉၉၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ပီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။



မကွေးမြို့၌ GAP စနစ်ဖြင့် မိုးနှမ်း၊ မိုးမြေပဲ စိုက်ပျိုးမည့်လုပ်ငန်းစဉ်များ ဆွေးနွေး

မကွေး ဇူလိုင် ၁၉

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနကကြီးမှူးဍ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ(GAP)စနစ်ဖြင့် မိုးနှမ်း၊ မိုးမြေပဲ စိုက်ပျိုးဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့က တိုင်းဒေသကြီးစိုက်ပျိုးရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်နိုင်က အမှာစကားပြောကြားကာ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးယဉ်ထွန်းက GAP စနစ်ဖြင့် မိုးနှမ်းစိုက်ပျိုးဆောင်ရွက်ခြင်းနှင့် GAP မိုးမြေပဲစိုက်ပျိုးထုတ်လုပ်မှု အခြေအနေလိုအပ်ချက်များအပေါ် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ ပိုးမွှားရောဂါ ကာကွယ်ရေးနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာပေးလုပ်ငန်းများအပြင် ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဝိုင်းဝန်းဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ မောင်ခိုင်မင်း(ပြန်/ဆက်)

ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အမျိုးသမီးဘောလုံးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ကျောက်ဆည် ဇူလိုင် ၁၉

မန္တလေး တိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ပြည်သူ့အားကစားကွင်း၌ ယမန်နေ့ မွန်းလွဲပိုင်းက ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၁၉ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပသည်။

ပြိုင်ပွဲတွင် ကျောက်ဆည်မြို့နယ်အသင်းနှင့် မြစ်သားမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကျောက်ဆည်မြို့နယ် အသင်းက နှစ်ဂိုး – တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ပြိုင်ပွဲအပြီးတွင် ကျောက်ဆည်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ကျောက်ဆည်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးထိုက်ထိုက်ဇော်နှင့် တာဝန်ရှိသူတို့က ပထမဆုရှင် ခဲ့သည့် ကျောက်ဆည်အသင်း၊ ဒုတိယဆုရရှိသည့် မြစ်သားအသင်းနှင့် ရေတန်း၊ အလယ်တန်း၊ နောက်တန်း၊ ဂိုးသမားနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)



မြန်အောင်မြို့နယ်၌ စားအုန်းဆီဝယ်ယူခွင့် စာအုပ်ဖြင့် ရောင်းချပေးနေမှု ကြည့်ရှုစစ်ဆေး

မြန်အောင် ဇူလိုင် ၁၉

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စုများ၌ စားအုန်းဆီဝယ်ယူခွင့်စာအုပ်ဖြင့် ရောင်းချပေးနေမှုကို တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ မြို့နယ်စားအုန်းဆီဖြန့်ဖြူးရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ ၏ဦးဆောင်မှုဖြင့် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးမြင့်အောင်၊ ခရိုင်စားသုံးဆီအသင်းဥက္ကဋ္ဌ ဦးမင်းဇော်ဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပူးပေါင်းကာ စားအုန်းဆီဝယ်ယူခွင့်စာအုပ်ဖြင့် စားအုန်းဆီသက်မှတ်ရည်ညွှန်းစျေး တစ်ပိဿာလျှင် ၎၉၀၁ ကျပ်ဖြင့် တစ်ဦးလျှင် ၅၀ ကျပ်သား နှုန်းဖြင့် စာအုန်းဆီရောင်းချပေးနေသောအမှတ်(၁)ရပ်ကွက်၊ မြို့မတဲကြီးကုန်းကျေးရွာအုပ်စု၊ အမှတ်(၄) ရပ်ကွက်၊ ရှားတောကျေးရွာအုပ်စုတို့မှ စားအုန်းဆီလက်လီ၊ လက်ကား ကိုယ်စားလှယ်များက စားအုန်းဆီဝယ်ယူခွင့်စာအုပ်ဖြင့် သတ်မှတ်ရည်ညွှန်းစျေးနှုန်းအတိုင်း ရောင်းချနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဧရာဦးသာ

တပ်ကုန်းမြို့နယ်၌ ဘောလုံးအားကစား ပို့မိုတိုးတက်လာစေရေး အသက် ၄၀ နှင့်အထက် အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပ

တပ်ကုန်း ဇူလိုင် ၁၉

ပြည်ထောင်စု နယ်မြေနေပြည်တော် တပ်ကုန်းမြို့နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အသက် ၄၀ နှင့်အထက် အမျိုးသား ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဇူလိုင် ၁၈ ရက် ညနေပိုင်းက မြို့နယ် အားကစားကွင်း၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်သူက အမှာစကားပြောကြားသည်။

ထို့နောက် ဘောလုံးအားကစားပြိုင်ပွဲ ဆက်လက်ကျင်းပရာ ရဲတပ်ဖွဲ့ MPF (FC) အသင်းနှင့် စည်ပင် CGS (FC) အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စည်ပင် CGS (FC)အသင်းက ရဲတပ်ဖွဲ့ MPF (FC)အသင်းကို နှစ်ဂိုး – တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ပွဲစဉ်တစ်လျှောက်လုံး အားကစားသမားဆုအတွက် မြို့နယ် MSME အသင်းဥက္ကဋ္ဌက စည်ပင် CGS (FC)အသင်းမှ ရှေ့တန်းအားကစားသမား ဦးဇော်မင်းထွန်းအား ပေးအပ်ချီးမြှင့်သည်။

တပ်ကုန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အသက် ၄၀ နှင့်အထက် အမျိုးသား ဘောလုံးပြိုင်ပွဲတွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဘောလုံးဝါသနာရှင်များ၊ ဘောလုံးအားကစားသမားဟောင်းများ စုပေါင်းဖွဲ့စည်းထားသည့် ရဲတပ်ဖွဲ့ MPF (FC) အသင်း၊ စည်ပင် CGS (FC) အသင်း၊ လျှပ်စစ် ESD (FC) အသင်း၊ ထွေအုပ် King United (FC) အသင်းတို့ကို ပတ်လည်ယှဉ်ပြိုင် ကစားခဲ့ပြီး ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇူလိုင် ၂၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တင်စိုးလွင်



နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် သမဝါယမတောင်သူများအား သွင်းအားစုများ ပေးအပ်

ရမည်းသင်း ဇူလိုင် ၁၉

ရမည်းသင်းမြို့နယ် သမဝါယမဦးစီးဌာနမှ ဆောင်ရွက်သော တိုင်းဒေသကြီးနိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မြို့နယ်အတွင်းရှိ မိုးစပါးစိုက် အခြေခံသမဝါယမအသင်း ခြောက်သင်းရှိ အသင်းသား ၁၅၈ ဦး၏ စိုက်ပျိုးကေ ၇၄၁ ဧကအတွက် တန်ဖိုးငွေကျပ် ၂၂၂ ဒသမ ၃၀ သန်း တန်ဖိုးရှိ မျိုးနှင့် သွင်းအားစု ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သင်းရတနာခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ရမည်းသင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးသမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်း၊ မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အခြေခံသမဝါယမအသင်းမှ အသင်းသားတောင်သူများ တက်ရောက်ကာ မျိုးနှင့်သွင်းအားစုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုဇော်(ရမည်းသင်း)

ကျောက်တန်းမြို့နယ်၌ ခွေးရူးပြန်ရောဂါကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

ကျောက်တန်း ဇူလိုင် ၁၉

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်တွင် ခွေးရူးပြန်ရောဂါကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၄ ရက်က အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာမျိုးထွန်းက ခွေးရူးရောဂါကာကွယ်တားဆီးရေးအတွက် ခွေးရူးရောဂါကာကွယ်ရေး သိကောင်းစရာများ၊ ခွေးကိုက်ခံရပါက ခွေးရူးပြန်ရောဂါမဖြစ်အောင် ကာကွယ်သည့်နည်းလမ်းများ၊ ခွေးရူးပြန်ရောဂါကာကွယ်ဆေးမဖြစ်မနေထိုးရမည့်အခြေအနေများကို ရှင်းလင်းဟောပြောသည်။ ဆက်လက်၍ ကျောက်တန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ



မြို့နယ်ကျန်းမာရေးမှူးက သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများ၊ ယင်လုံဆိမ်သာအသုံးပြုပုံများနှင့် ခွေးရူးရောဂါနှင့် ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်များကို ပြောကြားခဲ့ကြောင်း သိရသည်။

သန့်ဇင်ထွန်း



သာကေတမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

ရန်ကုန် ဇူလိုင် ၁၉

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇူလိုင် ၁၇ ရက်က သာကေတမြို့နယ် (၄) မြောက်ရပ်ကွက် သစ္စမင်္ဂလာသာသနာ့ဗိမာန်၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး လွတ်တော်ကိုယ်စားလှယ် ဦးလှဝင်းမောင်က အမှာစကားပြောကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများက တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကဏ္ဍအလိုက် ဦးဆောင်ဆွေးနွေးကြပြီး တက်ရောက်လာသည့် ရပ်ကွက်နေပြည်သူများက ဒေသဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ သိရှိလိုသည့်ဆွေးနွေးမေးမြန်းမှုများအပေါ် တိုင်းဒေသကြီးလွတ်တော် ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။

ကျော်ကျော်(ပြန်/ဆက်)

လျှပ်စစ်ဓာတ်အားသုံးစွဲသူ ပြည်သူများသို့ အသိပေးပန်ကြားခြင်း

နေပြည်တော် ဇူလိုင် ၁၉

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် စွမ်းအင်အရင်းအမြစ်များစုံမှ ဓာတ်အားပိုမိုထုတ်လုပ်နိုင်ရေး ကြိုးပမ်းနေသကဲ့သို့ ပြည်သူများ လျှပ်စစ်ဓာတ်အားကို စနစ်တကျသုံးစွဲလာစေရန် အသိပညာပေးခြင်း၊ တိုက်တွန်းနှိုးဆော်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ နည်းပညာကြောင့် ဓာတ်အားပျောက်ဆုံးမှုနှုန်း နည်းပညာကြောင့်မဟုတ်သည့် ဓာတ်အားပျောက်ဆုံးမှု(ဓာတ်အားခိုးယူသုံးစွဲမှု)များ လျော့နည်းပျောက်သွားစေရေးအတွက်လည်း အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် နည်းပညာကြောင့်မဟုတ်သည့် ဓာတ်အားပျောက်ဆုံးမှုများ ပျောက်စေရေးအတွက် မသမာသော နည်းလမ်းဖြင့် လျှပ်စစ်ဓာတ်အား တရားမဝင်သုံးစွဲမှုများကို အဖွဲ့များဖွဲ့စည်း၍ ဖော်ထုတ်အရေးယူလျက်ရှိပါသည်။

၃။ ထို့အပြင် Smart Meter စနစ်သို့ ကူးပြောင်းနိုင်ရေး တွန်းအားပေးဆောင်ရွက်နေသကဲ့သို့ ပြည်သူများအနေဖြင့် ကိုယ်တိုင်မိတာဖတ်ရှု၍ မိတာခပေးဆောင်နိုင်မည့်အပြင် Control Centre များမှ စောင့်ကြည့်စစ်ဆေးနိုင်သည့် Digital စနစ်တစ်ခု တည်ဆောက်ခြင်းကိုလည်း တစ်ပြိုင်တည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ လျှပ်စစ်ဓာတ်အား သုံးစွဲသူများအနေဖြင့် မသမာသော နည်းလမ်းများကိုအသုံးပြု၍ တရားမဝင်ဓာတ်အားရယူသုံးစွဲမှုများ ပြုလုပ်ထားပါက ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် နောက်ဆုံးထားပြီး သက်ဆိုင်ရာဌာနများသို့ဆက်သွယ်အသိပေးကြပါရန်နှင့် ယင်းသို့အသိပေးလာပါက ဖြေလျှော့ပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

အဆိုပါကာလကျော်လွန်ပြီးချိန်တွင် တရားမဝင်ဓာတ်အားသုံးစွဲမှုများကို Control Center များမှ စစ်ဆေးတွေ့ရှိပါက ပြဋ္ဌာန်းထားသည့် လျှပ်စစ်ဥပဒေများနှင့်အညီ ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊ မိတာအသုံးပြုခွင့်ကို ကာလအကန့်အသတ်ဖြင့်ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့် လုပ်ငန်းလိုင်စင်ပိတ်သိမ်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အောက်ဖော်ပြပါ Call Center ဖုန်းနံပါတ်များသို့ ဆက်သွယ်သတင်းပို့ကြပါရန် အသိပေးပန်ကြားအပ်ပါသည်။

ဆက်သွယ်ရန်

- လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (နေပြည်တော်) – ၀၆၇ - ၃၄၁၀၀၇၂
- ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း (YESC) – ၁၇၁၇
- မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (MESC) – ၁၆၁၆
  ၀၂-၄၀၃၉၃၃၀၊၀၂-၄၀၇၃၆၆၆၊ ၀၂-၄၀၇၂၆၁၈ (Hot Line)
- ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များ – ၀၆၇-၃၄၁၀၄၀၇၊ ၀၉-၆၆၂၂၂၆၀၀၊ ၀၉-၆၆၅၄၃၂၅၅၅

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန



ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံအား ဖောက်ခွဲဖျက်ဆီးမှု။



ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် ၁၂ ထပ်အဆောက်အအုံအား ဖြိုဖျက်ပြီးတွေ့ရစဉ်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ၁၂ ထပ်အဆောက်အအုံ တစ်လုံးအား စနစ်တကျ ထပ်မံဖောက်ခွဲဖျက်ဆီး၊ တရားမဝင်လူနေအဆောက်အအုံ ၇၅ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

နေပြည်တော် ဇူလိုင် ၁၉

အွန်လိုင်း လိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ၁၂ ထပ်အဆောက်အအုံ တစ်လုံးကို ထပ်မံ၍ စနစ်တကျ ဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ် နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၅ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့်အဆောက်အအုံအလုံး ၂၀ ဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ဖျက်ဆီးရန်သတ်မှတ်ထားသည့်အဆောက်အအုံ အလုံး ၂၀ အနက် ၁၂ ထပ်အဆောက်အအုံ တစ်လုံးကို စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့အထိ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံ စုစုပေါင်း ၇၅ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံနှစ်လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❂ ကျောပုံမှ

ရန်ကုန် ယူနိုက်တက်အသင်းနှင့် ဧရာဝတီအသင်း၊ ပဒုမ္မာကွင်း၌ ရန်ကုန်စီးတီးအသင်းနှင့် မြဝတီအသင်း၊ ဇူလိုင် ၂၁ ရက်တွင် အား/ကာသိပ္ပံအသင်းနှင့် ရတနာပုံအသင်း၊ ဇူလိုင် ၂၂ ရက်တွင် YUSC ကွင်း၌ သစ္စာအားမာန်အသင်းနှင့် Young Lionesses အသင်း၊ တောင်ကြီးကွင်း၌ရှမ်းယူနိုက်တက် အသင်းနှင့် ခွဲကပင်ယူနိုက်တက် အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဆက်လက်ဦးဆောင်

ပွဲစဉ် (၅) အပြီးတွင် အား/ကာသိပ္ပံ (ISPE)အသင်းက ရမှတ် ၁၅မှတ်ဖြင့်ထိပ်ဆုံးတွင်ဆက်လက် ဦးဆောင်နေပြီး ဧရာဝတီနှင့် ရန်ကုန်ယူနိုက်တက် အသင်းက ၁၂မှတ်စီ၊ ရှမ်းယူနိုက်တက်အသင်းက ၁၀ မှတ်၊ ရတနာပုံအသင်းက ကိုးမှတ်၊ Young Lionesses အသင်းက ခြောက်မှတ်၊ သစ္စာအားမာန် အသင်းက လေးမှတ်၊ မြဝတီနှင့် ခွဲကပင်ယူနိုက်တက် အသင်းက သုံးမှတ်စီရရှိထားကာ ရန်ကုန်စီးတီးအသင်းမှာမူ ငါးပွဲစလုံး ရှုံးကာ အမှတ်မရသေးပေ။

သတင်း-ကိုညီလေး
ဓာတ်ပုံ-YUFC

❍ ၂၀၂၆ မှ

အင်္ဂလန်အသင်းနဲ့အတူ သွင်းဂိုး သုံးဂိုးသွင်းယူနိုင်ခဲ့တဲ့တောင်ပံကစားသမား ဆာကာဟာ ၁၉ဖွဲ့ဖဲခုနစ်နောက်ပိုင်း အင်္ဂလန်အသင်းအတွက် ဟက်ထရစ် သွင်းယူနိုင်ခဲ့တဲ့ပထမဆုံးကစားသမားအဖြစ်မှတ်တမ်းဝင်ခဲ့တာလည်းဖြစ်ပါတယ်။

အခုပွဲစဉ်မှာ ပြင်သစ်အသင်းနဲ့အတူ သွင်းဂိုး နှစ်ဂိုး သွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူးအမ်ဘတ်ပီဟာ ယခု ကမ္ဘာ့ဖလားပြိုင်ပွဲမှာ သွင်းဂိုး ၁၀ ဂိုးအထိ ရှိလာခဲ့ပြီဖြစ်ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲဝယ်မိုင်းတစ်လျှောက်မှာ သွင်းဂိုး ၂၂ ဂိုးအထိရှိလာခဲ့ကာ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ ရွှေဖိနပ်ဆုဆွတ်ခူးနိုင်ဖို့လည်း ရေပန်းစားနေတာဖြစ်ပါတယ်။

ငွေကြေယ်

❖ ၂၀၂၇ မှ

မြောက်မာရီယာနာကျွန်းစု၊ ပါလက်စတိုင်း၊ အုပ်စု(E)တွင် အိန္ဒိယ၊မလေးရှား၊ ဆီးရီးယား၊ အီရတ်၊ အုပ်စု (F) တွင် ထိုင်း၊ လက်ဘနွန်၊ မကာအို၊ ဘူတန်၊ အုပ်စု(G)တွင် မြန်မာ၊ ဟောင်ကောင်၊ ဂူအမ်၊ အုပ်စု(H)တွင် ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်နှင့် ဥဇဘက်ကစ္စတန်အသင်းတို့ ပါဝင်နေသည်။

မြန်မာ ယူ-၁၇ အမျိုးသမီး အသင်းကို နည်းပြချုပ်အဖြစ် ဂျပန်နိုင်ငံသား ယုကီတက်ဆုရိုက ကိုင်တွယ်နေပြီး ကစားသမားများ အတွေ့အကြုံရစေရန် Young Lionesses အသင်းအမည်ဖြင့် ပြည်တွင်း မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်နေသည်။

သတင်း-မောင်စံကြီး
ဓာတ်ပုံ-MWL

မော်ဘီမြို့နယ် ဝါးနက်ချောင်းကျေးရွာရှိ မီတာအမည်ပေါက် ဦးစန်းဦး၏ ကော်ဇေလုပ်ငန်းတွင် လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲထားခြင်းအား လျှပ်စစ်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁၉

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းအနေဖြင့် တရားမဝင်နည်းဖြင့် လျှပ်စစ်ဓာတ်အားရယူသုံးစွဲမှုများကို စောင့်ကြည့်စစ်ဆေးဖော်ထုတ်လျက်ရှိရာ ဇူလိုင် ၁၃ ရက်တွင် ဝါးနက်ချောင်းကျေးရွာရှိ မီတာအမည်ပေါက် ဦးစန်းဦး၏ကော်ဇေလုပ်ငန်းတွင် အသုံးပြုထားသော Transformer နှင့် တွဲဖက်တပ်ဆင်ထားသည့် Digital Meter ၏ Cover Seal ပြုပြင်ထားပြီး လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသဖြင့် မီတာအားချက်ချင်း ဖြုတ်သိမ်းခဲ့သည်။

ယင်းသို့ခိုးယူသုံးစွဲမှုကြောင့် လျှပ်စစ်ဓာတ်အား ယူနစ်လေးသိန်း လေးသောင်းကျော် နှစ်နာဆုံးရှုံးခဲ့ရပြီး လျော်ကြေး၊ ဒဏ်ကြေးငွေကျပ် (၃၀၁,၈၉၃,၅၇၅/-) (ကျပ် သုံးရာ့တစ်သန်း ရှစ်သိန်း ကိုးသောင်း သုံးထောင် ငါးရာ ခုနစ်ဆယ့် ငါးကျပ်တိတိ)အား ပေးဆောင်စေ မည်ဖြစ်သည့်အပြင် လျှပ်စစ်ဥပဒေအရ ခြောက်လ ဓာတ်အားပေးခြင်းကို ရပ်ဆိုင်းသွားမည်ဖြစ်ပြီး လျော်ကြေး၊ ဒဏ်ကြေးငွေကို ၁၄ ရက်အတွင်း မသွင်းပါက လျှပ်စစ်ဥပဒေနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်သည်။

လျှပ်စစ်ဓာတ်အား ခိုးယူအသုံးပြုမှုများကို Control Center များမှ စောင့်ကြည့်စစ်ဆေး ဖော်ထုတ်နိုင်ခြင်းနှင့် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများ ထူးကဲစွာတိုးမြင့်ရရှိလာသည့်အတွက် ပိုမို ဖော်ထုတ်လာနိုင်ခြင်းတို့သည် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားစနစ် တိုးတက်ဖွံ့ဖြိုးလာစေရေးအတွက် များစွာအထောက်အပံ့ဖြစ်စေလျက်ရှိရာ ပြည်သူများ အနေဖြင့် ပိုမို၍ ပူးပေါင်းဆောင်ရွက်ပေးကြပါရန် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက မေတ္တာရပ်ခံထားသည်။

သတင်းစဉ်

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၈)၊ ငွေဇင်ယော်လမ်း၊ မြေကွက်အမှတ်(၉၄၄/ခ)ဟုခေါ်တွင်သော အကျယ်အဝန်း(အလျား ၂၀ ပေx အနံ ၆၀ ပေ)အနက်မှ မြေကွက်အမှတ်(၉၄၄/က) နှင့် ဒေါ်တင်တင်ကြိုင် အိမ်၏ကြား (အလျား ၁၀ ပေx အနံ ၆၀ ပေ)ရှိ ဦးအောင်နိုင် (HGU–၁၀၉၅၃၈)အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်စာချုပ် အဆက်စပ်မူရင်း/ မိတ္တူများဖြင့် ဖခင်ဖြစ်သူ ဦးရွှေမောင်မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဖခင်ကွယ်လွန်သွားသည့်အတွက် ၎င်းတစ်ဦးတည်းသာ လက်ဝယ်ပိုင်ဆိုင်ထား သည်ဟု ဦးစိုးမိုးထွန်း[၁၁/ စတန(နိုင်)၁၁၀၉၈၃]က အဆိုပြုလျက် ရောင်းချရန် ကမ်းလှမ်းသည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေ ဦးပြော်ဘူလာ[၁၁/ မဥန(နိုင်)၀၅၁၈၃၇] မှ အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ အပြီးအပိုင်ဝယ်ယူကာ လက်ရောက်ရယူ ပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ ပါမစ်မြေကွက်၊ နေအိမ် တို့နှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဦးပြော်ဘူလာ တစ်ဦးတည်းသာလျှင် တရားဝင် အကျိုးခံစားခွင့်ရှိသူဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ် ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်နှင်းယုလှိုင် (LL.B)
အထက်တန်းရှေ့နေ(စဉ်–၅၃၁၁၆/၂၀၂၀)
အမှတ်(၁၇၃၃)၊ ရောဝတီလမ်း၊ (၈၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉–၇၉၆၈၇၂၀၂၇၊ ၀၉–၂၅၉၈၇၃၇၉၇

"ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း အမှတ်(၄၁)၊ လူနေရပ်ကွက်အမှတ်(တ/၁၅)ရပ်ကွက်၊ ပန်းခြံ(၁၄)၊ ဝေသန္တရာလမ်းမကြီး၊ ခြံမြေအမှတ် (၈၁၈/ခ)ဟုခေါ်တွင်သော အကျယ်အဝန်း အလျားxအနံ (၂၀x၆၀)ပေနှင့် ယင်းခြံမြေပေါ်ရှိ အိမ်အဆောက်အဦအပါအဝင် ရေ၊ မီးမီတာ အရပ်ရပ်အား လက်ဝယ်ရှိ၍ ပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး

အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ အိမ်ခြံမြေကွက်နှင့်ပတ်သက်ပြီး ခြံမြေအကျယ် အလျား အနံ(၂၀x၆၀)ပေ၏ ခံစားခွင့်အရပ်ရပ်တို့အား အရှုပ်အရှင်းကင်းရှင်းစွာ ဝယ်ယူထားပြီး ဦးမြင့်သောင်း အမည်ပေါက် အိုးအိမ်ပါမစ်မူရင်းကိုင်ဆောင်ထားသူ ဦးပြည့်ဖြိုးဝေထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်သူဇာအောင် [၁၂/ လကန(နိုင်)၃၀၅၀၁၉]က စရန်ငွေပေးချေထားပါ၍ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုပါက ဤသတင်းစာ ကြော်ငြာပါသည့်နေ့မှ (၇)ရက် အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းများယူဆောင်ပြီး ကျွန်ုပ်ထံ လာရောက် ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဒေါ်သူဇာအောင် ၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်မိုးစံပယ်ထွေး (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၁၄၈)
ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၇၉၉၇၄၁၃၃၂၊ ၀၉–၄၂၉၁၃၇၈၄၃

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–အောင်ချမ်းသာတိုးချဲ့–၂၊ မြေကွက်အမှတ်(၃၆၆)၊ အလျား x အနံ (၄၀ x ၆၀) ပေ အကျယ်ရှိ ဦးကြည်ဝင်း အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်နှင်းနှင်းခိုင် (ဘ)ဦးခိုင်မင်း [၆/ မအရ(နိုင်)၀၈၂၀၃၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်စိုးမိုး (ဘ) ဦးအုံးမြင့် [၁၂/ကမရ(နိုင်)၀၁၅၈၀၉] က ပြန်လည် ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေ ပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့သက်ဆိုင်ရာ စာရွက်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက် ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးဇာနည်	**ဒေါ်အိအိမော်(ခ)ဒေါ်အိသဉ္ဇာအောင်**	**ဒေါ်ခင်သီတာမြင့်အောင်**
(LL.B,DBL,DIPL,DIL)(စဉ်–၁၄၆၆၈)	**(LL.B,DIPL)(စဉ်–၁၈၇၂၆)**	**(LL.B, DBL) (စဉ်–၂၀၀၇၈)**

တရားလွှတ်တော်ရှေ့နေများ
ရုံး– အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း–၀၉– ၄၂၀၃၀၀၂၆၂

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ Star City ၊Estella Town House၊ Lane–3၊ အကျယ်(၂၂ပေ x၅၅ပေ)၊ ဧရိယာ(၁၂၁၀)စတုရန်းပေ၊ မြေအမျိုးအစား–နှစ်(၆၀)မြေငှားဂရန်မြေနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁၀)ခန်းတွဲ (၂)ထပ်အဆောက်အဦ၏ အခန်းအမှတ်–113/A၊ ဧရိယာ (၁၂၇၇)စတုရန်းပေရှိ နေအိမ်တိုက်ခန်း အကြမ်းထည်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား သန်လျင် အိမ်ရာမြေဖွံ့ဖြိုးရေးလီမိတက်၏ အမည်ပေါက် ပိုင်ရှင်ဒေါ်အိအိခင် [၁၄/ဟသတ(နိုင်)၀၄၂၅၈၈]မှ မိမိတစ်ဦးတည်း တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေး ဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ကေသီဖြိုးကျော် (LL.B,D.B.L,D.M.L)
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၁၇၈)
အမှတ် –၇၅၁(ပ–ထပ်)၊ တပင်ရွှေထီးလမ်း၊ ၃၈–ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉– ၄၂၄၁၆၈၉၈၉

ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၃၁) ရပ်ကွက်၊ ဇေယျာသိဒ္ဓိလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ မြေကွက် အမှတ်(၃၀၈)၊ အကျယ်အဝန်း(၄၀x၆၀)ပေရှိ ဒေါ်ပြုံးပြုံးကြည် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုး ခံစားခွင့်အရပ်ရပ်ကို တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဂရန်အမည်ပေါက် ဒေါ်ပြုံးပြုံး ကြည် [၁၂/ရကန(နိုင်)၀၄၁၄၉၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးငွေ၏ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ဆိုင်ရေးဆိုင်ခွင့် ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား (စာရွက်စာတမ်းမူရင်းများ)နှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ပြီးဆုံးသည်အထိ လုပ်ဆောင် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဦးမိုးမြင့်ဆန်း၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ငြိမ်းငြိမ်း (LL.B)(D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၈၉၇)
အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်၊
၀၉–၄၂၅၂၈၆၀၄၂၊ ၀၉–၇၆၀၈၁၁၇၇၆

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ယင်းတိုက်ပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၆၅/က)၊ ကွင်းအမည် – သဲဖြူကွင်း၊ ဦးပိုင်အမှတ် (N/၅၄၊ N/၅၅၊ N/၇၆/၁) ရှိ စုစုပေါင်းမြေဧက (၁၁.၄၅)ဧက ရှိ မှော်ဘီမြို့ မြေစာရင်းတွင် ဦးပိုလို အမည်ပေါက်လျက်ရှိသော ဥယျာဉ်ခြံမြေအမျိုးအစားမြေကွက်ကြီးထဲမှ တရားဝင် ခွဲစိတ် ခြင်းမပြုရသေးသော အကျယ်အဝန်း (၅) ဧကရှိခြံဝင်းခတ်ထားသောမြေနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား လက်ဝယ်ပိုင်ဆိုင် ထားသူ ဦးကိုကိုမောင် [၁၄/ဟသတ(နိုင်)၂၄၄၇၅၈]ကိုင်ဆောင်သူမှ တရားဝင် လက်ရှိထား ပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော် ဝန်ခံကတိ ပြုပြီး ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်းကန့်ကွက်မည့်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်မော်မော်မြင့်	**ဒေါ်မျိုးမျိုးအေး**
(LL.B, D.B.L, D.I.L)	**(LL.B, D.I.L, Dip.D.S)**
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၄၃၃)	**အထက်တန်းရှေ့နေ (စဉ်– ၄၃၉၇၈)**

အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၅၀၅၉၈၆၂၄၊ ၀၉–၂၅၃၅၆၀၀၇၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–၃၁၊မြေကွက်အမှတ်–၇/ခ–၁၊(၀.၀၈၇) ဧက၊မြေကွက်တည်နေရာအမှတ်–၅၈၂/ခ၊ဓမ္မာရုံလမ်း၊(၁၁)ရပ်ကွက်၊ ဒေါ်တင်တင်နု(–)အမည်ပေါက်မြေပိုင်မြေ(လ/နု–၃၉)မြေအားအမည်ပေါက် ထံမှတရားဝင်မခွဲမစိတ်ရသေးသောအစိတ်အပိုင်း(၆၀×၆၀/၄၀)ပေအားအ ရောင်းအဝယ်စာချုပ်အမှတ်–၄၀၆၄/၉၇(၁–၁–၉၇)ဖြင့်ဦးမောင်လှိုင်မှပိုင် ဆိုင်လာပြီး(ဖခင်)ဖြစ်သူဦးမောင်လှိုင်၊(မိခင်)ဖြစ်သူဒေါ်ကျင်ရင်နှင့်(သမီး) ဖြစ်သူဒေါ်မြင့်မြင့်ရီတို့ကွယ်လွန်သဖြင့်ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်–၄၄၂၇/ ၅–၆–၂၆ဖြင့်ပိုင်ဆိုင်လာသူဦးကြည်ဝင်း(၁၂/လမန(နိုင်)၀၃၀၄၃၅)၊ဦးမြင့် ဦး(၁၂/လမန(နိုင်)၀၁၂၄၄၃)၊ဦးဆန်နီ(၁၀/ကထန(နိုင်)၀၄၇၃၀၂)၊ဒေါ်ကြည် ကြည်လှိုင်(၁၂/လမန(နိုင်)၀၂၈၉၄၈)၊ဒေါ်မြင့်မြင့်ခိုင်(၁၂/လမန(နိုင်)၀၂၈ ၉၄၇)၊ဦးစိုးမြင့်(၁၂/လမန(နိုင်)၀၂၈၉၄၆)တို့မှနိုင်ငံသားစိစစ်ရေးကတ်ပြား အရောင်းအဝယ်စာချုပ်၊ပိုင်ဆိုင်ကြောင်း(Portion)စာချုပ်၊ဝင်စာအမှတ် ၆၇၂၁/၂၃–၆–၂၀၂၆ရက်စွဲပါစာဖြင့်တစ်ဖက်သတ်မြေကွက်ခွဲ/မြေတိုင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးခွင့်ပြုပေးပါရန်တင်ပြစာတို့ကိုတင်ပြ၍ မြေကွက်ခွဲရန်မြေပုံကူး/မြေတိုင်းနှင့်စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက် ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါ သည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိ ပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃)၊မြေကွက်အမှတ်(၃၀၅) ဧရိယာ(၂၄၀၀)စတုရန်းပေ၊မြေကွက်တည်နေရာအမှတ်(၃၀၅)၊(၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊Dr.မာလာစိန်(၁၂/ကမရ(နိုင်)၀၃၄၀၅၉)အမည် ပေါက်၊နှစ်(၆၀)မြေငှားဂရန်မြေအားအမည်ပေါက်ဒေါက်တာမာလာစိန်(ဇနီး) ကွယ်လွန်သဖြင့်ဦးရဲဝင်း(၁၂/ဥကတ(နိုင်)၀၁၁၃၁၈)မှခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာအမှတ်–၈၄၅/၂၀၂၆(၂၇–၄–၂၀၂၆)၊ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ဂရန်၊နိုင်/ကတ်၊သေစာရင်း၊အိမ်ထောင်စုလူဦးရေစာရင်း၊ဝန်ဆောင် ခတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံး လုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၉–B(တောင်သူကုန်း)၊ မြေကွက်အမှတ် 1/အ.A၊ ဧရိယာ(၀.၀၄၆)ဧက၊ မြေကွက်တည်နေရာအမှတ် (၁၃၄၅)၊ သာယာအေး(၂)လမ်း၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဒေါ်နှင်းဆီမြင့်[၁၂/အစန (နိုင်)၀၂၇၇၈၅]အမည်ပေါက် ၊ B(အိမ်ရာမြေသတ်မှတ်) မြေအား အမည်ပေါက် ဒေါ်နှင်းဆီမြင့်(ဇနီး/မိခင်)သည် (၂၃–၆–၂၀၀၉) ရက် နေ့တွင် ကွယ်လွန်ခဲ့သဖြင့် အမည်ပေါက်၏ ခင်ပွန်းဖြစ်သူ ဦးမောင်မောင်လေး [၁၂/အစန(နိုင်)၁၅၆၆၀၀]နှင့် သားသမီးများဖြစ်ကြသော ဦးခွန်ချမ်းသာ [၁၂/ အစန(နိုင်) ၁၆၈၆၉၁]၊ ဦးခိုင်လင်းထွန်း[၁၂/အစန(နိုင်)၁၈၄၆၈၇]၊ ဒေါ်ခင်စုစု[၁၂/ အစန(နိုင်)၁၈၄၆၈၈]တို့မှ ဒေါ်နှင်းဆီမြင့်နှင့် ဦးမောင်မောင်လေးတို့တွင် ဦးခွန် ချမ်းသာ၊ ဦးခိုင်လင်းထွန်း၊ ဒေါ်ခင်စုစုဟူ၍ သားသမီး(၃)ဦးကိုသာ မွေးဖွားခဲ့ပါ ကြောင်း၊ အခြားသားသမီးမရှိပါကြောင်း၊ ၎င်းတို့သည် အစ္စလာမ်ဘာသာ ကိုးကွယ်သူများဖြစ်ကြပြီး အမည်ပေါက် ဒေါ်နှင်းဆီမြင့် ကွယ်လွန်ပြီးနောက် ကျန်ရစ်ခဲ့သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်အား အစ္စလာမ်ဓလေ့ထုံးတမ်း ဥပဒေအရ အချိုးကျအမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ အမည်ပေါက်မှသေတမ်း စာရေးသားခဲ့ခြင်း မရှိပါကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားအမွေဆက်ခံမည့်သူ အမွေစား အမွေခံတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း တရားရုံး ကတိသစ္စာပြုလွှာ၊ အမည်ပေါက်စာချုပ်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေး ကတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ မြေစာရင်းရှိ ၂၀၁၅ ခုနှစ်ဘဏ်ချေးမြေပုံမှာ အထားအသိုမှားယွင်း၍ ရှာဖွေမတွေ့ရှိဘဲ ပျောက်ဆုံးနေသော်လည်း ချေးငွေအပြေအကျေဆပ်ခဲ့ပြီးဖြစ်သောကြောင့် ဘဏ်မှ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်အားပူးတွဲတင်ပြ၍ မြေပုံမူရင်း ပျောက်ဆုံးမှုနှင့် ပတ်သက်၍ ဖြစ်ပေါ်လာသော ကိစ္စအဝဝအား ၎င်းတို့မှ တာဝန်ယူ ပါကြောင်း တရားရုံးကတိသစ္စာပြုလွှာ တင်ပြလာသဖြင့် တရားဝင်နိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀)၊ မြေကွက်အမှတ်– ၃အေ/ ၂က(၂)၊ ဧရိယာ (၀.၀၆၄)ဧက၊ မြေကွက်တည်နေရာအမှတ်(၁၅)၊ ဦးလှော်ခြံလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ မြေအမျိုးအစား– မြေပိုင်မြေ၊ အမည်ပေါက် ဒေါ်သီတာလင်း [၁၀/မလမ(နိုင်)၁၂၂၈၅၈]ဟု မှတ်သားထားသည့်မြေကွက်အား ကမာရွတ်ခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ်–၂၅၅/၂၀၂၂(၂၉–၉–၂၀၂၂) တရားမ ကျင့်ထုံးဥပဒေပုဒ်မ–၃၄၊ နည်းဥပဒေအရ အပေါင်ပစ္စည်းရောင်းချပေးစေလိုမှု၌ ချမှတ်သည့်အမိန့်၊ ကမာရွတ်ခရိုင်တရားရုံးတော်၏ တရားမဇာရီမှုအမှတ်– ၁၄/ ၂၀၂၃(၂၇–၆–၂၀၂၄)ရက်စွဲပါ ထုံးပုံကျ အပြီးသတ်အမိန့်၊ (၅–၇–၂၀၂၄)ရက်စွဲပါ နေ့စဉ်မှတ်တမ်းအရ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ရောင်းကြောင်းလက်မှတ် စာချုပ်အမှတ်–၂/၂၀၂၅(၃–၂–၂၀၂၅)တို့အရ တရားရုံးလေလံဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်စန်းစန်းရီ [၁၂/လမတ(နိုင်)၀၀၆၇၄၂]မှ အထက်ဖော်ပြပါ တရားရုံးအမိန့်များ၊ ထွန်းကော်မာရှယ်လီမိတက်မှဘဏ်တွင် အပေါင်ထားရှိသော မြေ+အဆောက်အဦ တို့နှင့်ပတ်သက်၍ ကန့်ကွက်လွှာအား ပယ်ဖျက်ကြောင်း (၁–၇–၂၀၂၄)ရက်စွဲပါ အကြောင်းကြားစာ၊ အမည်ပေါက် အရောင်းစာချုပ်အမှတ်– ၁၉၉၄/၂၀၀၈ (၁၁– ၉–၂၀၀၈)၊ ဝင်ငွေခွန်၊ တံဆိပ်ခေါင်းခွန်၊ ကန့်ကွက်ရန်မရှိကြောင်း အမည်ပြောင်း (obj)၊ နိုင်ငံသားစိစစ်ရေးကတ်တို့ကို တင်ပြ၍ အမည်ပြောင်း လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ် ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀)၊ မြေကွက်အမှတ်– ၃အေ/၂က(၂)၊ ဧရိယာ (၀.၀၆၄)ဧက၊ မြေကွက်တည်နေရာအမှတ်(၁၅)၊ ဦးလှော်ခြံလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ မြေအမျိုးအစား– မြေပိုင်မြေ၊ အမည်ပေါက် ဒေါ်သီတာလင်း [၁၀/မလမ(နိုင်)၁၂၂၈၅၈]ဟု မှတ်သားထားသည့်မြေကွက်အား ကမာရွတ်ခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ်–၂၅၅/၂၀၂၂(၂၉–၉–၂၀၂၂) တရားမကျင့်ထုံးဥပဒေပုဒ်မ–၃၄၊ နည်းဥပဒေအရ အပေါင်ပစ္စည်းရောင်းချပေးစေလိုမှု၌ ချမှတ်သည့်အမိန့်၊ ကမာရွတ်ခရိုင်တရားရုံးတော်၏ တရားမဇာရီမှုအမှတ်– ၁၄/၂၀၂၃(၂၇–၆–၂၀၂၄)ရက်စွဲပါ ထုံးပုံကျ အပြီးသတ်အမိန့်၊ (၅–၇–၂၀၂၄)ရက်စွဲပါ နေ့စဉ်မှတ်တမ်းအရ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ရောင်းကြောင်းလက်မှတ် စာချုပ်အမှတ်–၂/၂၀၂၅(၃–၂–၂၀၂၅)တို့အရ တရားရုံးလေလံဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်စန်းစန်းရီ [၁၂/လမတ(နိုင်)၀၀၆၇၄၂]မှ အထက်ဖော်ပြပါ တရားရုံးအမိန့်များ၊ ထွန်းကော်မာရှယ်လီမိတက်မှဘဏ်တွင် အပေါင်ထားရှိသော မြေ+အဆောက်အဦတို့နှင့်ပတ်သက်၍ ကန့်ကွက်လွှာအား ပယ်ဖျက်ကြောင်း (၁–၇–၂၀၂၄)ရက်စွဲပါ အကြောင်းကြားစာ၊ အမည်ပေါက် အရောင်းစာချုပ်အမှတ်– ၁၉၉၄/၂၀၀၈ (၁၁–၉–၂၀၀၈)၊ ဝင်ငွေခွန်၊ တံဆိပ်ခေါင်းခွန်၊ ကန့်ကွက်ရန်မရှိကြောင်း အမည်ပြောင်း (obj)၊ နိုင်ငံသားစိစစ်ရေးကတ်တို့ကို တင်ပြ၍ အမည်ပြောင်း လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မိဘအမည်မှန်

မန္တလေးတိုင်း ဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အထက(ခွဲ) ရာသင်္ချာ Grade–12 တွင် ပညာ သင်ကြားနေသော မောင်ကောင်း ခန့်ဇော်၏ မိခင်အမည်မှန်မှာ ဒေါ်ပြုံးပြုံးခိုင် [၉/မသန(နိုင်) ၀၈၉၇၇၅ ဖြစ်ပါကြောင်း။

ဒေါ်ပြုံးပြုံးခိုင်

ဝတ်ရည်ဦး
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
09-43088052
09-260660405
09-421067330

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ လမ်းသစ်လမ်းအိမ်ရာ၊ တိုက်(၄၉)၊ အခန်း(၁၀၀၁)၏ အမည်ပေါက် ဒေါ်နန္ဒာထက် [၅/ကလထ(နိုင်) ၂၆၃၃၀၆] ထံမှ ဒေါ်ချိုချိုအောင် [၁၂/သဃက(နိုင်)၀၆၁၃၇၃]က စာချုပ်စာတမ်းပိုင်ဆိုင်စာရပ်တွင် အမည်ပြောင်းလဲပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြ ကန့်ကွက်နိုင်ပါသည်။

အိမ်ရာ(၂)၊ ဖြန့်ချိရေး
အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)
နေပြည်တော်၊ ၀၆၇–၃၄၀၇၅၄၅

ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ရွှေဘုန်းရှိန်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇)၊ မြေကွက်အမှတ်(၂၃)၊ အကျယ် အဝန်း(၄၀ပေx၆၀ပေ)၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဦးကျော်ရွှေ အမည်ပေါက် နှစ်(၆၀) ဂရန်မြေအမျိုးအစားမြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်၏ (ခေါင်းရင်း)ဘက်အခြမ်း၊ မြေကွက်အမှတ်(၂၄)နှင့်ကပ်လျက်၊ အကျယ်အဝန်း(၂၅x ၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေ/မီးအစုံပါပျဉ်ထောင်အိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူ၍ တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးခင်ဇော်[၁၂/အစန(နိုင်)၀၇၉၂၅၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးငွေ၏ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား (စာရွက်စာတမ်း မူရင်းများ)နှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ပြီးဆုံးသည်အထိ လုပ်ဆောင်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဒေါ်ဝင်းသန္တာ၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ငြိမ်းငြိမ်း (LL.B)(D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၈၉၇)
အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်။
၀၉–၄၂၅၂၈၆၀၄၂၊ ၀၉–၇၆၀၈၁၁၇၇၆

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၈ U10၊ မြေကွက်အမှတ် ၄၁၆၊ မြေကွက်တည်နေရာအမှတ် –၄၁၆၊ အောင်သစ္စာလမ်း၊ ၄၈ U10 ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖိုလ်မှူးထွန်းအေး(ISN –၀၆၁၃၇၇)၊ ဒေါ်မြင့်မြင့်ရီ(AD– ၀၃၂၇၀၀)၊ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေအား အမည်ပေါက် ဖိုလ်မှူးထွန်းအေး(ISN –၀၆၁၃၇၇)(ဖခင်)နှင့် ဒေါ်မြင့်မြင့်ရီ (AD–၀၃၂၇၀၀)(မိခင်)တို့ကွယ်လွန်သဖြင့် ဦးသန့်ထွန်း[၁၂/အလန(နိုင်)၀၀၀၄၈၀]၊ ဒေါ်ယဉ်မင်းထွန်း[၁၂/အလန(နိုင်)၀၀၀၄၈၁]၊ ဒေါ်ထွေးထွေးထွန်း[၁၂/အလန (နိုင်)၀၀၀၄၈၂]တို့မှ ၎င်းတို့သည်သာ တရားဝင်အမွေဆက်ခံခွင့်ရှိသည့်သား/ သမီးများတော်စပ်ကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားသော မွေးချင်းတစ်ဦး တစ်ယောက်မျှမရှိပါကြောင်း၊ (ဖခင်)ဖြစ်သူ ဦးထွန်းအေးသည် ဗုဒ္ဓဘာသာ ကိုးကွယ်သူ ဖြစ်သော်လည်း ၎င်းမကွယ်လွန်မီက အမွေစားအမွေခံကိတ္တိမသား/ သမီးများ လည်း မွေးစားထားခဲ့ခြင်း လုံးဝမရှိကြောင်း၊ ၎င်းတို့၏ မိခင်ဖြစ်သူ ဒေါ်မြင့်မြင့်ရီသည် ခရစ်ယာန် ဘာသာကိုးကွယ်သူဖြစ်သော်လည်း ၎င်းကွယ်လွန်သွားချိန်မီက မည်သည့်သေတမ်းစာတစ်စုံတစ်ရာကိုမျှ ရေးသားခဲ့ခြင်း လုံးဝမရှိပါကြောင်း ကတိသစ္စာပြုလွှာ၊ ထောက်ခံ ကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း၊ ဂရန်၊ နိုင်/ကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ် ချုပ်ဆိုရန် မြေပုံကူးနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာသဖြင့် တရားဝင်နိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေး မည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၇၊မြေကွက်အမှတ်-၃၈၄/ခ၊(၀.၀၂၇)ဧက၊မြေကွက်တည်နေရာအမှတ်-၃၈၄/ခ၊အောင်မင်္ဂလာ(၃)လမ်း၊(၁၇)ရပ်ကွက်၊ဒဂုံတောင်၊ဦးသန်းမြင့်ဇော်(၁၂/သဃက(နိုင်)၁၈၅၀၀၅)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအားဂရန်အမည်ပေါက်ဦးသန်းမြင့်ဇော်(၁၂/သဃက(နိုင်)၁၈၅၀၀၅)ကိုယ်တိုင်မှပါမစ်ပျောက်ဆုံးကြောင်းတင်ပြလျှောက်ထားခဲ့သည့်ဂရန်၊နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားခြင်းအားမြေပြင်ကွင်းဆင်းစစ်ဆေးရာအဆောက်အဦး(၁)ထပ်တိုက်(၁)လုံးရှိကိုယ်တိုင်နေထိုင်ပြီးဦးသန်းမြင့်ဇော်မှကွင်းဆင်းသိရှိကြောင်းလက်မှတ်ရေးထိုးပေးပါသဖြင့်၎င်း၏အရောင်းမြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

“ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈ စီ^၁)၊ မြေကွက်အမှတ်(၁၀၇၊ ၁၀၈၊ ၁၀၈/အေ)၊ မြေဧရိယာ(၀.၀၅၈)ဧကနှင့် (၀.၀၄၃)ဧက ဦးသာဒင်အမည်ပေါက် ဂရန်မြေပိုင်မြေကွက်များပေါ်ရှိ အမှတ်(၃၄၊ ၃၆၊ ၅၆)ဇလွန်လမ်းနှင့် လင်းလွန်းလမ်းထောင့်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်ဟုခေါ်တွင်သော မြေကွက်နေအိမ်ပိုင်ဆိုင်မှုများနှင့်စပ်လျဉ်း၍ အများသိစေရန် အသိပေးကြေညာခြင်း”

ကျွန်ုပ်၏အမှုသည်များဖြစ်ကြသော ဒေါ်သိဂီဝင်း[၁၂/ကမတ(နိုင်)၀၃၁၅၇၀]ကိုင်ဆောင်သူနှင့် ဦးသန်းမောင်မြင့်[၁၁/မပတ(နိုင်)၀၃၃၁၇၇]ကိုင်ဆောင်သူတို့၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

အထက်တွင် အကျယ်တဝင့်ဖော်ပြထားသော မြေကွက်များ၏ ပိုင်ရေးဆိုင်ခွင့်အငြင်းပွားမှုများနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့၏ အမှုသည်များဖြစ်ကြသည့် ဒေါ်သိဂီဝင်းနှင့် ဦးသန်းမောင်မြင့်တို့က တရားလိုပြုလုပ်ကာ ရန်ကုန်တိုင်းဒေသကြီး၊ အလုံခရိုင်တရားရုံးတော်၌ တရားပြိုင်များဖြစ်ကြသော ၁။ဒေါ်ခင်အေး၊ ၂။ ဒေါ်မေသွေးကို၊ ၃။ဦးအောင်ဗိုလ်ဗိုလ်၊ ၄။ဒေါ်မေစန္ဒာယမုံအေးတို့ (၄)ဦးတို့အား “အလုံခရိုင်တရားရုံး၏ ၂၀၂၅- ခုနှစ်၊ တရားမကြီးမှုအမှတ်(၁၀၇)အမှု၌ (၂၂-၁-၂၀၂၆)ရက်နေ့တွင် ချမှတ်ခဲ့သည့် စီရင်ချက်၊ ဒီကရီသည် တရားလိုများအပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု” အား စွဲဆိုလျှောက်ထားခဲ့ရာ အလုံခရိုင်တရားရုံးတော်မှ ၂၀၂၆-ခုနှစ်၊ တရားမကြီးမှုအမှတ်(၅၇)ဖြင့် အမှုအားလက်ခံ၍ ကြားနာစစ်ဆေးလျက်ရှိပါသည်။

ထို့ပြင် အဆိုပါမြေအငြင်းပွားမှုများနှင့်စပ်လျဉ်း၍ အဆိုပါ တရားမကြီးမှုအမှတ်(၅၇/၂၀၂၆)အမှုမှ ၁-တရားလို ဒေါ်သိဂီဝင်းနှင့် ၂-တရားလို ဦးသန်းမောင်မြင့်တို့က အချင်းဖြစ် မြေကွက်များနှင့် စပ်လျဉ်း၍ “မြေကြီးမြေပုံတိုင်းတာဆောင်ရွက်ခြင်း/မြေပုံမြေရာဇဝင် ထုတ်ယူခွင့်ပြုခြင်း/အရောင်းအဝယ်စာချုပ်အားမှတ်ပုံတင်သွင်းခြင်း/ မြေအမည်ပေါက်ဆောင်ရွက်ခြင်းတို့အပြင် အခြားတစ်နည်းနည်းတို့ဖြင့် စီမံခန့်ခွဲခြင်းတို့အပေါ် ကန့်ကွက်သည့်”အနေဖြင့် သက်ဆိုင်ရာဌာနများ ဖြစ်ကြသည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနမှ ဌာနမှူးထံသို့ လိပ်မူ၍လည်းကောင်း၊ ရန်ကုန်မြို့ စာချုပ်စာတမ်းရုံး၊ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ ဌာနမှူးထံသို့ လိပ်မူ၍ ကန့်ကွက်ကြောင်း တင်ပြလျှောက်ထားခဲ့ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနမှ (၃-၇-၂၀၂၆) ရက်စွဲပါ ဝင်စာအမှတ် (၇၁၄၂/၂၀၂၆)ဖြင့် ကန့်ကွက်စာအား အတည်ပြု လက်ခံထားပြီးလည်း ဖြစ်ပါသည်။

ထို့ပြင် အထက်ပါ မြေကွက်များအပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အဦများအနက်မှ အမှတ်(၃၆)နှင့် အမှတ်(၅၆) မြေကွက်၊ နေအိမ်၊ အဆောက်အဦတို့မှာ ကျွန်ုပ်တို့၏အမှုသည်တစ်ဦးဖြစ်သူ ဦးသန်းမောင်မြင့်လက်ဝယ်တွင် ပိုင်ဆိုင်ခံစားလျက်ရှိပြီး ၎င်း၏ စီမံခန့်ခွဲမှုအောက်တွင် ရောက်ရှိနေပါသဖြင့် အဆိုပါမြေကွက်နေအိမ် အဆောက်အဦများကို ကျွန်ုပ်အမှုသည်များ၏ သဘောတူခွင့်ပြုချက် တစ်စုံတစ်ရာ ရယူခြင်းမရှိဘဲသော်လည်းကောင်း၊ အဆိုပါမြေကွက်များ၏ ပိုင်ရေးဆိုင်ခွင့်များနှင့်စပ်လျဉ်း၍ အလုံခရိုင်တရားရုံးတော်မှ တရားမကြီးမှုအမှတ်(၅၇/၂၀၂၆)အမှုအား ဆုံးဖြတ်ချက် အမိန့်၊ ဒီကရီ တစ်စုံတစ်ရာချမှတ်ခြင်းမပြုမီ အဆိုပါမြေကွက်များ၏ ပိုင်ရေးဆိုင်ခွင့်များအပေါ် ထိပါး၍ မည်သူမဆို ကျူးကျော်ဝင်ရောက်ခြင်း/လွှဲပြောင်းရောင်းချခြင်း/ပေါင်နှံခြင်း/အခြားတစ်နည်းနည်းတို့ဖြင့် စီမံခန့်ခွဲဆောင်ရွက်ခြင်းတို့ ပြုလုပ်ဆောင်ရွက်ခွင့်မရှိပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့ပါက ကျွန်ုပ်အမှုသည်များ၏ လွှဲအပ်ညွှန်ကြားချက်များနှင့်အညီ တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တည်ဆဲတည်မြဲဥပဒေများနှင့်အညီ ကျူးလွန်ဖောက်ဖျက်သူ မည်သူ့ကိုမဆို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ထပ်မံအသိပေး ကြေညာအပ်ပါသည်။

ဒေါ်သိဂီဝင်း[၁၂/ကမတ(နိုင်)၀၃၁၅၇၀]နှင့်
ဦးသန်းမောင်မြင့်[၁၁/မပတ(နိုင်)၀၃၃၁၇၇]ကိုင်ဆောင်သူတို့၏
လွှဲအပ်ညွှန်ကြားချက်များအရ
ဦးဘစံ LL.B (Advocate)
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၂၇၆ /၈-၂-၂၀၀၅)
အမှတ်-၈၃၊ ဒုတိယထပ်(အခန်း- ၁၄/D)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်။ ဖုန်း - ၅၆၈၀၃၄၉

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ မြေကွက်အမှတ်(၁၄၂၂)၊ မောင်းမကန်ကမ်းသာလမ်း၊ အကျယ်အဝန်း(၄၁ပေx ၆၀ပေ)၊ (၂၄၆၀)စတုရန်းပေ၊ ဧရိယာ(၀.၀၅၆)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် **ဦးသိုက်ထွန်း**[၁၂/ပဘတ(နိုင်)၀၁၀၂၄၈] အမည်ပေါက်တည်ရှိပြီး အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဦးစည်သူထွန်း** [၁၂/ပဇတ(နိုင်)၀၂၉၈၃၁]မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသ) ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်မွန်မွန်ချို(LL.B)	**ဒေါ်စန္ဒာဝင်း(LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)	**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၀၂၉၂)**

အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

(၁) ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-13 E-3၊ မြေကွက်အမှတ်-Western 1/2 of I-12၊ ဧရိယာ (၅၇.၆ပေ x ၁၀၀ပေ) အကျယ်အဝန်းရှိ မြေကွက်။

(၂) ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-13 E-3၊ မြေကွက် အမှတ်-Eastern 1/2 of I-12၊ ဧရိယာ (၅၇.၆ပေ x ၁၀၀ပေ) အကျယ်အဝန်းရှိ မြေကွက်။

အထက်ဖော်ပြပါ နှစ်(၆၀)မြေငှားဂရန်မြေကွက်(၂)ကွက်တည်ရှိရာ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ၃-ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်၊ အမှတ်-၂၉၃/၂၉၇ ဟုခေါ်တွင်သည့် မြေကွက်များနှင့် မြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူများဖြစ်ကြောင်း၊ အမွေဆိုင်အပေါင်အနှံအရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်သော ဦးအန်းကူ [၁၂/ကတတ(နိုင်)၀၂၂၄၃၈]နှင့် ဒေါ်အုံးတင် [၁၂/ကတတ(နိုင်)၀၁၉၃၄၉]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်း)များနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်လဲ့လဲ့ဝင်း (LL.B, D.B.L, D.I.L, D.M.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၃၂)
အမှတ်-၂၆၈ (မြေညီထပ်)၊ ဘုရားလေး(၁)လမ်း၊ ကြည်စုရပ်ကွက်၊
ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉-၅၁၄၃၂၃၂၊ ၀၉-၇၉၉၅၉၅၅၀၅

ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော FV. NGWE WIN PHYU အမည်ရှိ ငါးဖမ်း(သစ်ခွံ) ရေယာဉ်မှတ်ပုံတင်အမှတ်(Reg;No.102507)၊ စုစုပေါင်းတန်ချိန် (၅၇.၀၇)တန်၊ အလျား(၂၀.၀၁)မီတာ၊ အနံ(၅.၆၁)မီတာအား ရေယာဉ်အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဦးငွေးဝင်း(ခ)ဦးငွေဝင်း [၁၂/ဗဟန(နိုင်)၀၇၆၆၆၂] အမည်မှ ဦးဝင်းမင်းလွင် [၆/မအရ(နိုင်)၀၀၀၄၂၉] အမှတ်(၁၄၉)၊ မြကန်သာလမ်း၊ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်၊ အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင်အမည်ပြောင်းလဲရန်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ညွှန်ကြားရေးမှူးချုပ်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ သိမ်ဖြူလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ရက်ပေါင်း(၃၀)အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၂သမိုင်း၊မြေကွက်အမှတ်၁၃/က-၄-B၊ဧရိယာ(၅.၆၂၈)ဧက၊မြေကွက်တည်နေရာအမှတ်(၅၂)၊ဗဟိုလမ်း၊(၂)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ဦးသော်၊ဒေါ်လှခင်အမည်ပေါက်B-မြေပိုင်မြေ(အိမ်ယာမြေသတ်မှတ်)မြေအားအမည်ပေါက်တစ်ဦးဖြစ်သူဦးသော်ကွယ်လွန်ပြီးနောက်ကျန်ရှိနေသည့်အမည်ပေါက်ဖြစ်သောဒေါ်လှခင်မှပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်-၈၈၉/၁၉၈၁(၂၄-၁၂-၁၉၈၁)နှင့်အမှားပြင်စာချုပ်အမှတ်-၂၂၅/၁၉၈၂(၈-၄-၁၉၈၂)တို့ဖြင့်ပိုင်ဆိုင်ခဲ့ပြီးဒေါ်လှခင်သည်အဆိုပါမြေကွက်ကြီးအနက်မှတရားဝင်မခွဲမစိတ်ရသေးသောဧရိယာ(၂.၆၉၂)ဧကအားအရောင်းအဝယ်စာချုပ်အမှတ်-၂၂၇/၁၉၈၂အရကြွေထည်မြေထည်စက်မှုကုန်ထုတ်သမဝါယမအသင်းသို့လွှဲပြောင်းရောင်းချခဲ့ပြီးအခြားအစိတ်အပိုင်းအချို့ကိုလည်းအရပ်ကတိအရောင်းအဝယ်စာချုပ်များဖြင့်လွှဲပြောင်းရောင်းချထားခဲ့သဖြင့်ထိုသို့လွှဲပြောင်းရောင်းချထားခဲ့ပြီးသောမြေအစိတ်အပိုင်းတို့အားချန်လှပ်၍ကျန်ရှိသောဧရိယာ(၀.၆၁၄)ဧကအားပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်၁၁၇၃/၁၉၈၅(၂၈-၁၁-၁၉၈၅)၊အမှားပြင်စာချုပ်အမှတ်-၉၇၅/၂၀၁၂(၁၂-၂-၂၀၁၂)တို့ဖြင့်ဒေါ်ခင်အေးဝင်းမှပိုင်ဆိုင်လာခဲ့ပြီးဒေါ်ခင်အေးဝင်းကွယ်လွန်သဖြင့်ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်-၃၇၆၇/၂၀၂၆(၁၂-၅-၂၀၂၆)ဖြင့်ပိုင်ဆိုင်လာသူဒေါ်ခင်မျိုးဆွေ(၁၂/ကမရ(နိုင်)၀၀၂၄၂၀)၊ဒေါ်ခင်ဆွေဆွေ(၁၂/ကမရ(နိုင်)၀၁၄၇၇၂)တို့ကနိုင်ငံသားစိစစ်ရေးကတ်၊ပိုင်ဆိုင်ကြောင်းစာချုပ်၊အမည်ပေါက်နှင့်ဆက်စပ်စာချုပ်မိတ္တူမှန်၊တစ်ဖက်သတ်မြေကွက်ခွဲစိတ်မြေတိုင်းတာခွင့်ပြုပါရန်(၄-၆-၂၀၂၆)ရက်စွဲပါစာတို့ကိုတင်ပြ၍မြေကွက်ခွဲစိတ်ရန်မြေပုံကူးနှင့်မြေတိုင်းလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်းဘူတာရုံရပ်ကွက်၊ ပန်းလှိုင်လမ်း၊ ပန်းလှိုင်အိမ်ရာ၊ တိုက်အမှတ်(R-4)၊ အခန်းအမှတ်(၂၀၄)ကို ဌာနနှင့် အကျိုးတူဆောင်ရွက်သော ရွှေသံလွင်ထရေးဒင်းကုမ္ပဏီလီမိတက် ကိုယ်စား ဦးအောင်ကျော် (G/RGN-၀၀၇၄၆၁) ထံမှ ဦးအေးမိုး[၇/ဖမန(နိုင်)၀၄၄၇၃၀] နှင့် ဒေါ်ခင်စောနွယ် [၇/ဖမန(နိုင်)၀၄၄၇၃၁] တို့က ဝယ်ယူထားပြီးဖြစ်ပါ၍ ၎င်းတို့အမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ်ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းကို ကန့်ကွက်လိုပါက ကြော်ငြာသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉၇-ပဲမိုကုန်း၊ မြေကွက်အမှတ်-၁၆၀၊ ဧရိယာ-၂၈၁၆၆ ဧက၊ မြေကွက်တည်နေရာအမှတ်-၃၄၊ သဇင်လမ်း၊ ထန်းပင်ကုန်း၊ တော်သွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ် ကိုကျော်(သေ)လှကြီး အမည်ပေါက် B မြေအား အင်းစိန်ခရိုင်တရားရုံး ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၉ ၏ (၁၄.၂၀၂၅) ရက်စွဲပါအမိန့်ဒီကရီ၊ အင်းစိန်ခရိုင်တရားရုံးတော်၊ ၂၀၂၅ ခုနှစ်၊ တရားမစီရင်မှုအမှတ်-၅၃ ၏ (၅.၅.၂၀၂၅)ရက်စွဲပါအမိန့် အရောင်းအဝယ်စာချုပ်အမှတ်-၅၄၃၉/၂၀၂၆ (၁၉.၅.၂၀၂၆)တို့အရ မြေကွက်၏အစိတ်အပိုင်း အလျားအနံ (၅၅'/၄၅'+၃၅') × ၄၀'/၇၀') အား ဝယ်ယူပိုင်ဆိုင်သူ ဦးတင်ဇော်သီ(၁၂/ကမရ (နိုင်) ၀၂၈၈၀၂) မှ ဖော်ပြပါ တရားရုံးအမိန့်များ၊ အရောင်းအဝယ်စာချုပ်၊ အခွန်ထမ်းဆောင်ထားသည့်အထောက်အထား၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ တစ်ဖက်သတ်မြေကွက်ခွဲစိတ်ရန်မြေပုံကူးနှင့် မြေတိုင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၆)၊ မြေကွက်အမှတ်(၇၈၅)၊ မြေကွက်တည်နေရာအမှတ်(၇၈၅)၊ ဒီပါအေးမြလမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ဦးသန်းထွန်း) (BV-၀၀၇၁၄၈) အမည်ပေါက် နှစ်(၆၀)ဂရန် မြေငှား(ဂရန်)မြေကွက်အား အမည်ပေါက် ဦးသန်းထွန်း(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်အေးအေးမှ [၁၂/မရက(နိုင်)၁၀၂၅၀၃]မှ ၎င်းတစ်ဦးတည်းသာ တရားဝင်အမွေဆက်ခံ ပိုင်ဆိုင်ခွင့်ရှိသည့် ဇနီးတော်စပ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားသောဇနီး၊ မယားတစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ ၎င်းတစ်ဦးသာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ခင်ပွန်းသေစာရင်း၊ ဂရန်၊ နိုင်ကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့အား တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တိုက်ကြီးမြို့နယ်တရားရုံး
၂၀၂၆ခုနှစ်၊ တရားမကြီးအမှုအမှတ်-၁၀

ဦးအောင်နိုင်မျိုး	နှင့်	ဒေါ်သင်းသင်းစိုး
(တရားလို)		**(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ မင်္ဂလာရွာသစ်(၂)လမ်း၊ အိမ်အမှတ်(၇၆)နေ ဒေါ်သင်းသင်းစိုး (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက “လင်မယားအဖြစ်မှကွာရှင်းပြတ်စဲပေးစေလိုမှု” လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၄ ရက် (၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် ၆ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်၊ ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မေဆုမွန်ကျော်)
မြို့နယ်တရားသူကြီး
တိုက်ကြီးမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၈၅)၊ မြေကွက်အမှတ်-၂၁၁ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဒေါ်ခင်ပြုံးစုအမည်ဖြင့်ထွက်ရှိထားသော ပါမစ်အစုံမူရင်း အလျား ၄၀ပေxအနံ ၆၀ပေ မြေကွက်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အားလုံးကို ဦးကျော်မြင့် [၈/ဆပဝ(နိုင်)၀၅၈၀၂၈] က လက်ရောက်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းနှင်းအေး[၁၃/ကလတ(နိုင်)၀၄၅၅၁၄]က ဝယ်ယူရန်အတွက် ယုံကြည်စွာရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသဖြင့် အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နှင်းနှင်းအေး၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ထူးသန္တာဦး (LL.B, CBL, DBL)
(DL-101 WIPO Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၈၃)
အမှတ်-(၃၂၀)၊ ဘုရင့်နောင်လမ်း၊ (၃၁)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉-၄၀၄၄၁၀၀၇၀၊ ၀၉-၇၈၇၀၈၀၃၃၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၄-ပိန္နဲကုန်း၊မြေကွက်အမှတ်-၃/ဆ၊ဧရိယာ(၀.၀၆၂)ဧက၊မြေကွက်တည်နေရာအမှတ်(၈၄-က)၊ကြေးတိုင်စု(၁)လမ်း၊ပိန္နဲကုန်းရပ်ကွက်၊အင်းစိန်မြို့နယ်၊ဦးဝင်းမြင့်(၁၂/အစန(နိုင်)၁၆၇၇၆၅)အမည်ပေါက်Bလ/န-၃၉ရပြီးမြေအားအမည်ပေါက်-ဦးဆုဘွန်ကျန်(ခ)ဦးဝင်းမြင့်(ခင်ပွန်း)သည်(၁၁-၁၂-၂၀၂၃)ရက်နေ့တွင်ကွယ်လွန်သွားသဖြင့်ဒေါ်ခင်စန်းဝင်း(၁၂/အစန(နိုင်)၁၆၇၇၆၆)မှတစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း၊အခြားသောဇနီးမယားမရှိပါကြောင်း၊၎င်းတို့သည်ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြသည့်အားလျော်စွာဖော်ပြပါမြေကွက်နှင့်မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အားမြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရတရားဝင်ဇနီးဖြစ်သူ၎င်းကသာလျှင်အမွေဆက်ခံခွင့်ရှိပါကြောင်းနှင့်၎င်းမှလွဲ၍အခြားသောအမွေဆက်ခံမည့်သူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊တရားရုံးကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်၊အိမ်ထောင်စုစာရင်း၊သေဆုံးမှုလက်မှတ်၊အမည်ပေါက်စာချုပ်၊နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ပိုင်ဆိုင်ကြောင်းမြေပုံကူးလျှောက်ထားလာရာတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၈ U10၊ မြေကွက်အမှတ်-၄၁၇၊ မြေကွက်တည်နေရာအမှတ်-၄၁၇၊ အောင်သစ္စာလမ်း၊ ၄၈ U10 ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဗိုလ်မှူးထွန်းအေး(ISN-၀၆၁၃၇၇)၊ ဒေါ်မြင့်မြင့်ရီ(AD-၀၃၂၇၀၀) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဗိုလ်မှူးထွန်းအေး(ISN-၀၆၁၃၇၇)(ဖခင်)နှင့် ဒေါ်မြင့်မြင့်ရီ(AD-၀၃၂၇၀၀)(မိခင်)တို့ ကွယ်လွန်သဖြင့် ဦးသန့်ထွန်း[၁၂/အလန(နိုင်)၀၀၀၄၈၀]၊ ဒေါ်ယဉ်မင်းထွန်း[၁၂/အလန(နိုင်)၀၀၀၄၈၁]၊ ဒေါ်ထွေးထွေးထွန်း[၁၂/အလန(နိုင်)၀၀၀၄၈၂]တို့မှ ၎င်းတို့သည်သာ တရားဝင်အမွေဆက်ခံခွင့်ရှိသည့် သား/သမီးများတော်စပ်ကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားသော မွေးချင်းတစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ (ဖခင်)ဖြစ်သူ ဦးထွန်းအေးသည် ဗုဒ္ဓသာဘာကိုးကွယ်သူဖြစ်သော်လည်း ၎င်းမကွယ်လွန်မီက အမွေစားအမွေခံ ကိတ္တိမသား/သမီးများလည်း မွေးစားထားခဲ့ခြင်း လုံးဝမရှိပါကြောင်း၊ ၎င်းတို့၏မိခင်ဖြစ်သူ ဒေါ်မြင့်မြင့်ရီသည် ခရစ်ယာန်ဘာသာကိုးကွယ်သူဖြစ်သော်လည်း ၎င်းမကွယ်လွန်မီက မည်သည့်သေတမ်းစာ တစ်စုံတစ်ရာကိုမျှ ရေးသားထားခဲ့ခြင်း လုံးဝမရှိပါကြောင်း ကတိသစ္စာပြုလွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း၊ ဂရန်၊ နိုင်/ကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးနှင့် စွန့်လွှတ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၄)၊ မြေကွက်အမှတ် (၈၁၁)၊ ငွေစင်(၃)လမ်း၊ ဧရိယာ(၀.၀၅၅ ဧက)ရှိ နှစ်(၆၀)ဂရန်မြေကွက်ကြီးမှ တရားဝင်ခွဲစိတ်ထားခြင်းမရှိသေးသည့် မြေကွက်အမှတ်(၈၁၂)နှင့် ကပ်လျက်ခြမ်း၊ လမ်းမှမြေကွက် အားမျက်နှာမူလျှင် ဘယ်ခြမ်း(၂၀ပေx၆၀ပေ)ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အား မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်စန်းစန်းမြင့်(ISN-၅၈၂၉၆၄) အမည်ပေါက်ပြီး ယင်းအမည်ပေါက်ထံမှ အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်မူ[၁၂/ဥကတ(နိုင်)၁၂၀၂၂၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်စရန် ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ -
ဒေါ်အိသီရိကြူ LL.B, M.A (Business Law)
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၃၃)
အမှတ်(၃၇)၊ အနော်ရထာလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၄၃၁၆၃၄၀၅

အများသိစေရန်ကြေညာခြင်း

